# ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

# မြန်မာနိုင်ငံပြည်ဝင်ခရီးသွားစစ်တမ်း ၂၀၂၄









www.tourism.gov.mm

067-3-406131
067-3-406459

mohtresearch2022@gmail.com

# ဥပဒေသျာခင်း

မြန်မာနိုင်ငံ၏ ပြည်ဝင်ခရီးသွားစစ်တမ်း-၂၀၂၄ အစီရင်ခံစာသည် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနအောက်တွင် ဖွဲ့စည်းထားရှိသည့် ခရီးသွား လုပ်ငန်းသုတေသနဌာနစိတ်နှင့် သက်ဆိုင်ရာနယ်ရုံးခွဲများမှ ဆောင်ရွက်ခဲ့သည့် ပြည်ပခရီးသွား စစ်တမ်း တွင် အဓိကတွေ့ရှိချက်များ (ရလဒ်များ) ကို အခြေခံ၍ ဖော်ပြရေးသားထားခြင်းဖြစ်ပါသည်။

မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၁) ဖြင့် သုတေသနစစ်တမ်းကောက် ယူခြင်းဆိုင်ရာ နည်းပညာအကူအညီများ ရယူထားသည့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ခရီးသွားလုပ်ငန်းသုတေသနဌာနစိတ်၏ အရာထမ်း၊ အမှုထမ်းများသည် စစ်တမ်းကောက်ယူသည့် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကရင် ပြည်နယ်ရှိ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ ရုံးခွဲအသီးသီး၊ ဆက်စပ်ဌာနအဖွဲ့အစည်းများ နှင့် ဆက်သွယ်ပူးပေါင်းကာ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လတွင် ပထမအကြိမ်၊ ဒီဇင်ဘာလတွင် ဒုတိယ အကြိမ်၊ စုစုပေါင်း (၂) ကြိမ်ကောက်ယူခဲ့ပါသည်။ စစ်တမ်းကောက်ယူရမည့် သတ်မှတ်နေရာများ ဖြစ်သည့် ရန်ကုန်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ တာချီလိတ်၊ ကော့သောင်းနှင့် မူဆယ် မြို့များရှိ နယ်စပ်ဂိတ်များ၊ ကော့သောင်းမြို့ရှိ ရေဆိပ်များတွင် ခရီးသွားစစ်တမ်းကို သတ်မှတ် အချိန်ကာလအတွင်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

သက်ဆိုင်ရာအပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဂိတ်များတွင် နိုင်ငံတကာခရီးသွားများကို နည်းစနစ်တကျ လူတွေ့မေးမြန်းမှုများမှတစ်ဆင့် ရရှိလာသည့် လေ့လာတွေ့ရှိချက်များသည် မြန်မာ နိုင်ငံသို့ လက်ရှိလေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် ဝင်ရောက်လာသည့် ခရီးသွားများ၏အခြေအနေကို မီးမောင်းထိုးပြနိုင်ခဲ့ပါသည်။

အဆိုပါ ပြည်ဝင်ခရီးသွားစစ်တမ်း-၂၀၂၄ အား မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် ထုတ်ဝေနိုင်မှု ကြောင့် မြန်မာနိုင်ငံအတွင်းရှိ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သူအားလုံးအတွက် များစွာအကျိုးဖြစ် ထွန်းစေမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံသို့ လာရောက်သောခရီးသွားများ၏ စရိုက်လက္ခဏာများ၊ လာရောက်လည်ပတ်သည့်ရည်ရွယ်ချက်၊ နေထိုင်သည့်ကာလနှင့် သုံးစွဲမှုဆိုင်ရာ စာရင်းအင်းအချက် အလက်များကို စစ်တမ်းကောက်ယူခြင်းမှ ရရှိလာသည့် Key Indicator များနှင့်အတူ တိုင်းတာ သုံးသပ်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP) အောက်တွင် ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုကဏ္ဍသည်လည်း တစ်ခုအပါအဝင်ဖြစ်ပြီး နိုင်ငံ့ဝင်ငွေကို အထောက်အကူပြုနေသည့် ခရီးသွားလုပ်ငန်းဆိုင်ရာ အသုံးစရိတ်များ၊ အချက်အလက်များကို ခရီးသွားစစ်တမ်းများမှတစ်ဆင့် ဆန်းစစ်ရရှိနိုင်သည့်အတွက် ခရီးသွားလုပ်ငန်းဆိုင်ရာသုတေသန နှင့် စာရင်းအင်းများသည် အရေးကြီးပါသည်။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအောက်ရှိ ခရီးသွားလုပ်ငန်းသုတေသနအဖွဲ့သည် မြန်မာနိုင်ငံရှိ ခရီးသွားလုပ်ငန်းကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်

စေရေးအတွက် ခရီးသွားလုပ်ငန်းဆိုင်ရာသုတေသနများနှင့် စာရင်းအင်းများကို ပြုစုဆောင်ရွက်လျက်ရှိသည့် ဌာနစိတ်တစ်ခုအဖြစ် ရပ်တည်လျက်ရှိပါသည်။

ယခုကဲ့သို့ ပြည်ဝင်ခရီးသွားစစ်တမ်းအစီရင်ခံစာ-၂၀၂၄ ထုတ်ပြန်လာနိုင်ရေးအတွက် စစ်တမ်းကောက်ယူရာတွင် ဝိုင်းဝန်းပံ့ပိုးကူညီပေးခဲ့ကြသည့် ခရီးသွားလုပ်ငန်းဆိုင်ရာ ဆက်စပ်ဝန်ကြီးဌာနများဖြစ်သော ပြည်ထဲရေးဝန်ကြီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ အဖွဲ့အစည်းများကိုလည်းကောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များကိုလည်းကောင်း၊ ၂၀၂၄ ခုနှစ် ခရီးသွားစစ်တမ်းကို တက်ကြွစွာပါဝင်ကောက်ယူခဲ့သည့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနအောက်ရှိ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ရုံးခွဲများကိုလည်းကောင်း၊ စိတ်အားထက်သန်စွာ ပါဝင်ဆောင်ရွက်ပေးခဲ့သည့် ခရီးသွားလုပ်ငန်းသုတေသနဌာနစိတ်ရှိ အရာထမ်း၊ အမှုထမ်းများကို အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြပါသည်။

ဦးကျော်စိုးဝင်း
ပြည်ထောင်စုဝန်ကြီး
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

# မာတိကာ


ဥယျောဇဉ်............................................................ A

ဇယားများစာရင်း............................................................ C

ပုံပြကားချပ်များ စာရင်း............................................................ D

အကျဉ်းချုပ် အစီရင်ခံစာ............................................................ ၁

၁။ နိဒါန်း............................................................ ၅

၂။ ရည်ရွယ်ချက်များ............................................................ ၁၁

၃။ သုတေသနနည်းလမ်း............................................................ ၁၁

၃.၁။ နမူနာကောက်ယူမှု (SAMPLING) နည်းလမ်း............................................................ ၁၁

၃.၂။ နမူနာစစ်တမ်းကောက်ယူရန် နေရာများ သတ်မှတ်ခြင်း အစီအစဉ်............................................................ ၁၂

၃.၃။ စစ်တမ်းမေးခွန်းလွှာ (SURVEY QUESTIONNAIRE)............................................................ ၁၃

၃.၃.၁။ စစ်တမ်းမေးခွန်းလွှာတွင် ပါဝင်သည့် အဓိကအချက်အလက်များ............................................................ ၁၃

၃.၄။ စစ်တမ်းဖြေဆိုသူများနှင့် စစ်တမ်းဆောင်ရွက်မည့်နေရာများ............................................................ ၁၄

၃.၅။ အချက်အလက်ကောက်ယူမည့် နည်းလမ်းများနှင့် လုပ်ငန်းစဉ်များ............................................................ ၁၅

၃.၅.၁။ မူလအချက်အလက်ကောက်ယူသည့် နည်းလမ်းများ............................................................ ၁၅

၃.၅.၂။ အချက်အလက်ကောက်ယူမှု လုပ်ငန်းစဉ်များ............................................................ ၁၅

၃.၆။ စစ်တမ်းကောက်ယူနေခြင်းအား ကြေညာချက်များ............................................................ ၁၈

၃.၇။ QR CODE လက်ကမ်းစာစောင်များ ဖြန့်ဝေထားရှိခြင်း............................................................ ၁၈

၃.၈။ ကောက်ယူခဲ့သည့် နေရာအလိုက် ပြီးပြည့်စုံသည့် နမူနာစစ်တမ်းလွှာများ............................................................ ၁၉

၃.၉။ စစ်တမ်းကောက်ယူခြင်းဆိုင်ရာ ကန့်သတ်ချက်များ............................................................ ၂၀

၄။ စစ်တမ်းတွေ့ရှိချက်များ............................................................ ၂၂

၄.၁။ နောက်ခံအချက်အလက်များ............................................................ ၂၂

၄.၁.၁။ ဖြေဆိုသူ(ပြည်ဝင်) အမျိုးအစားများ (နိုင်ငံတကာ ခရီးသွားများ)............................................................ ၂၂

၄.၁.၂။ အချက်အလက်အရင်းအမြစ်များ............................................................ ၂၂

၄.၂။ စစ်တမ်းမှ လေ့လာတွေ့ရှိချက်များ............................................................ ၂၃

၄.၂.၁။ နေထိုင်ရာနိုင်ငံအလိုက် နိုင်ငံတကာခရီးသည်များ............................................................ ၂၃

၄.၂.၂။ စစ်တမ်းကောက်ယူစဉ်အတွင်း ဖြေဆိုခဲ့သည် လာရောက်လည်ပတ်မှုအများဆုံး နိုင်ငံသားအမျိုးအစား............................................................ ၂၅

၄.၂.၃။ မြန်မာနိုင်ငံသို့ လမ်းကြောင်းအလိုက် ဝင်ရောက်သည့် ပြည်ပခရီးသည်ပမာဏ............................................................ ၂၇

၄.၂.၄။ ပြည်ပခရီးသည်များ အလည်အပတ်ပြုရသည့် ရည်ရွယ်ချက်များ............................................................ ၃၀

၄.၂.၅။ ပြည်ပခရီးသည်အမျိုးအစားနှင့် ခရီးစဉ်စီစဉ်မှုပုံစံ............................................................ ၃၂

၄.၂.၆။ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် အကြိမ်အရေအတွက် ........................................................... ၃၄
၄.၂.၇။ ပြည်ပခရီးသည်များ တည်းခိုနေထိုင်သည့် တည်းခိုရိပ်သာအမျိုးအစားများ.............................................၃၆
၄.၂.၈။ မြန်မာနိုင်ငံသို့ လာရောက်ရန် အချက်အလက်ရရှိနိုင်သည့် ရင်းမြစ်များ (အကြံရရှိမှု)..............................၃၇
၄.၂.၉။ အတူလာရောက်သည့် ခရီးသွားအဖော်များ ...........................................................................................၃၈
၄.၂.၁၀။ ခရီးသွားများ၏ နေ့ချင်းပြန်နှင့် ညအိပ်အချိုးအစား ...............................................................................၄၀
၄.၂.၁၁။ မြန်မာနိုင်ငံအတွင်း လာရောက်သည့် နိုင်ငံတကာခရီးသည်များ အများဆုံး သွားရောက်သည့် အဓိကခရီးစဉ်ဒေသများ .................................................................................................................၄၈
၄.၂.၁၂။ ခရီးသွားများ မြန်မာနိုင်ငံအတွင်း အသုံးပြုသည့် သယ်ယူပို့ဆောင်ရေးယာဉ် အမျိုးအစားများ...............၅၀
၄.၂.၁၃။ မြန်မာနိုင်ငံတွင်း၌ နေထိုင်စဉ် ခရီးသွားများ လုပ်ဆောင်သည့်ခရီးသွားလုပ်ငန်း ဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများ .................................................................................................................၅၁
၄.၂.၁၄။ ခရီးသွားတစ်ဦး၏ လေကြောင်း၊ ရေကြောင်းနှင့် ကုန်းကြောင်း (နယ်စပ်) အလိုက် တစ်နေ့တာပျမ်းမျှအသုံးစရိတ်.......................................................................................................၅၄
၄.၂.၁၅။ နိုင်ငံတကာခရီးသည်များ မြန်မာနိုင်ငံတွင်း၌ နေထိုင်စဉ် စိတ်ကျေနပ်မှုအဆင့် သတ်မှတ်ချက်များ .......၅၅
၄.၂.၁၆။ မြန်မာနိုင်ငံတွင်း၌ နေထိုင်မှုအပေါ် ပျမ်းမျှစိတ်ကျေနပ်မှုအဆင့်သတ်မှတ်ချက်နှင့် ငွေကြေးသုံးစွဲမှုပျမ်းမျှအဆင့်သတ်မှတ်ချက်.........................................................................................၅၆
၄.၂.၁၇။ မြန်မာနိုင်ငံသို့ လာမည့် ၃ နှစ်အတွင်း အားလပ်ရက်ခရီးစဉ်အနေဖြင့် လာရောက်နိုင်မှု ..........................၅၈
၄.၂.၁၈။ ခရီးသွားလုပ်ငန်းဝန်ဆောင်မှုအဆင့်မြှင့်တင်နိုင်ရန် အကြံပြုချက်များ (လေကြောင်း၊ ရေကြောင်း၊ ကုန်းကြောင်း (နယ်စပ်) ဖြင့် လာရောက်သည့် ပြည်ပခရီးသည်များ)...........................................................၅၉
နောက်ဆက်တွဲဇယားများ .......................................................................................................................၆၀

# ဇယားများစာရင်း

ဇယား (၁-၁) ၂၀၁၈ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း သယ်ယူပို့ဆောင်ရေး ပုံစံအမျိုးမျိုးဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်ခဲ့သည့် ပြည်ပခရီးသည်များစာရင်း................ ၆
ဇယား (၁-၂) ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်အတွင်း နိုင်ငံသားအလိုက် ဗီဇာဖြင့်ဝင်ရောက်သည့် ပြည်ပ ခရီးသည်များ ........ ၈
ဇယား (၁-၃) ၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာ့ဒေသကြီးများအလိုက် ဗီဇာဖြင့် ဝင်ရောက်သည့် ပြည်ပခရီးသည်များ .............. ၉
ဇယား (၃-၂) စစ်တမ်း (၁) ကြိမ်လျှင် ကောက်ယူရန် နမူနာအရေအတွက် ခွဲဝေခြင်း (PLAN) ..................................... ၁၃
ဇယား(၃-၈)ပြည်ဝင်ခရီးသွားစစ်တမ်း-၂၀၂၄(၁)ကြိမ်လျှင် ကောက်ယူရရှိခဲ့သည့် ပြီးပြည့်စုံသည့် နမူနာစစ်တမ်းများ................. ၁၉

# ပုံပြကားချပ်များ စာရင်း

ပုံ (၁-၁) ၂၀၁၈ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း သယ်ယူပို့ဆောင်ရေး ပုံစံအမျိုးမျိုးဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်ခဲ့သည့် ပြည်ပခရီးသည်များစာရင်း....... ၆
ပုံ (၁-၂) ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်အတွင်း နိုင်ငံသားအလိုက် ဗီဇာကိုင်ဆောင်သည့် ပြည်ပခရီးသည်များ....... ၈
ပုံ (၁-၃) ၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာ့ဒေသကြီးများအလိုက် ဗီဇာကိုင်ဆောင်သည့် ပြည်ပခရီးသည်များ....... ၉
ပုံ (၄-၂-၁) နေထိုင်ရာနိုင်ငံအမျိုးအစားအလိုက် ပြည်ပခရီးသည်နှင့် ကမ္ဘာ့တိုက်ကြီး များအလိုက် လာရောက်လည်ပတ်မှု ....... ၂၃
ပုံ (၄-၂-၂-၁) လာရောက်လည်ပတ်မှုအများဆုံး နိုင်ငံသားအမျိုးအစား ....... ၂၅
ပုံ (၄-၂-၂-၂) ဖြေဆိုသည့် ကျား/မ အမျိုးအစား....... ၂၆
ပုံ (၄-၂-၂-၃) ဖြေဆိုသည့် နိုင်ငံတကာခရီးသည်၏ အသက်အရွယ်အုပ်စု ....... ၂၆
ပုံ (၄-၂-၃-၁) မြန်မာနိုင်ငံသို့ လမ်းကြောင်းအလိုက် ဝင်ရောက်သည့် ပြည်ပခရီးသည် ပမာဏ ....... ၂၇
ပုံ (၄-၂-၃-၂) ပြည်ပခရီးသည်များ ကိုင်ဆောင်သည့် ဗီဇာအမျိုးအစားများ....... ၂၈
ပုံ (၄-၂-၃-၃) နယ်စပ်ဖြတ်ကျော်ပြည်ပခရီးသည်များ ကိုင်ဆောင်သည့် နယ်စပ်ဖြတ်သန်းခွင့် ကဒ်အမျိုးအစားအလိုက် မြန်မာနိုင်ငံသို့ ဝင်ရောက်မှုပမာဏ ....... ၂၉
ပုံ (၄-၂-၄-၁) ပြည်ပခရီးသည်များ အလည်အပတ်ပြုရသည့် ရည်ရွယ်ချက်များ ....... ၃၀
ပုံ (၄-၂-၄-၂) ပြည်ပခရီးသည်များ နိုင်ငံသားအလိုက် အလည်အပတ်ပြုရသည့် ရည်ရွယ်ချက်များ....... ၃၁
ပုံ (၄-၂-၅-၁) ပြည်ပခရီးသည်အမျိုးအစားအလိုက် လာရောက်မှုရာခိုင်နှုန်း....... ၃၂
ပုံ (၄-၂-၅-၂) ပြည်ပခရီးသည်များ ခရီးသွားလာမှုအစီအစဉ်....... ၃၃
ပုံ (၄-၂-၆-၁) မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် အကြိမ်အရေအတွက်အနေ အထားနှင့် လာရောက်မှုပုံစံ ....... ၃၄
ပုံ (၄-၂-၆-၂) မြန်မာနိုင်ငံသို့ တစ်ကြိမ်ထက်မက လာရောက်ကြသူများ (အကြိမ်ကြိမ်) ၏ နောက်ဆုံးလာရောက်လည်ပတ်သည့်ခုနှစ် ....... ၃၄
ပုံ (၄-၂-၆-၃) မြန်မာနိုင်ငံသို့ လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ဖြတ်ကျော် (ကုန်း ကြောင်း) မှတစ်ဆင့် လာရောက်လည်ပတ်သည့် အကြိမ်အရေအတွက် ....... ၃၅
ပုံ (၄-၂-၇) တည်းခိုနေထိုင်သည့် တည်းခိုရိပ်သာအမျိုးအစားများ....... ၃၆
ပုံ (၄-၂-၈) မြန်မာနိုင်ငံသို့ လာရောက်ရန် အချက်အလက်ရရှိနိုင်သည့် ရင်းမြစ်များ (အကြံရရှိမှု) ....... ၃၇
ပုံ (၄-၂-၉-၁) အတူလာရောက်သည့်ခရီးသွားအဖော်များ....... ၃၈
ပုံ (၄-၂-၉-၂) လေကြောင်း၊ ရေကြောင်း၊ ကုန်းကြောင်း (နယ်စပ်ဖြတ်ကျော်) အလိုက် အတူလာရောက်သည့် ခရီးသွားအဖော်အမျိုးအစားများ ....... ၃၉
ပုံ (၄-၂-၁၀-၁) နိုင်ငံတကာခရီးသည်များ၏ နေ့ချင်းပြန်နှင့် ညအိပ်အချိုးအစား ....... ၄၀
ပုံ (၄-၂-၁၀-၂) ညအိပ်နှင့် နေ့ချင်းပြန်လာရောက်လည်ပတ်ကြသည့် ခရီးသွားများ၏ အသုံးစရိတ်နှိုင်းယှဉ်ချက်များ....... ၄၁

ပုံ  (၄-၂-၁၀-၃) မြန်မာနိုင်ငံသို့ လေကြောင်းမှတစ်ဆင့် လာရောက်လည်ပတ်ကြသည့် ခရီးသွားများ ခရီးသွားဆိုင်ရာလုပ်ရှားမှုများတွင် သုံးစွဲမှုအခြေအနေ ............ ၄၂
ပုံ (၄-၂-၁၀-၄) မြန်မာနိုင်ငံသို့ ရေကြောင်းမှတစ်ဆင့် လာရောက်လည်ပတ်ကြသည့် ခရီးသွားများ ခရီးသွားဆိုင်ရာ လှုပ်ရှားမှုများတွင် သုံးစွဲမှုအခြေအနေ............ ၄၃
ပုံ (၄-၂-၁၀-၅) မြန်မာနိုင်ငံသို့ ကုန်းကြောင်းမှတစ်ဆင့် လာရောက်လည်ပတ်ကြသည့် ခရီးသွားများ ခရီးသွားဆိုင်ရာ လှုပ်ရှားမှုများတွင် သုံးစွဲမှုအခြေအနေ............ ၄၄
ပုံ (၃-၂-၁၀-၆) မြန်မာနိုင်ငံတွင်း နေထိုင်သည့် အချိန်ကာလ ............ ၄၅
ပုံ (၄-၂-၁၀-၇) သွားလာမှုပုံစံအမျိုးမျိုးဖြင့် လာရောက်သည့် ခရီးသွားများအနေဖြင့် မြန်မာနိုင်ငံအတွင်း နေထိုင်သည့် အချိန်ကာလ ............ ၄၆
ပုံ (၄-၂-၁၀-၈) လာရောက်သည့် ရည်ရွယ်ချက်အရ မြန်မာနိုင်ငံအတွင်း နေထိုင်သည့် အချိန်ကာလ ............ ၄၇
ပုံ (၄-၂-၁၁-၁) မြန်မာနိုင်ငံအတွင်း လေကြောင်းဖြင့် လာရောက်သည့် ခရီးသွားများ အများဆုံးသွားရောက်သည့် အဓိကခရီးစဉ်ဒေသများ............ ၄၈
ပုံ (၄-၂-၁၁-၂) မြန်မာနိုင်ငံသို့ ရေကြောင်းဖြင့် လာရောက်သည့် နိုင်ငံတကာ ခရီးသည်များ အများဆုံးသွားရောက်သည့် အဓိကခရီးစဉ်ဒေသများ............ ၄၉
ပုံ (၄-၂-၁၁-၃) မြန်မာနိုင်ငံသို့ ကုန်းကြောင်းဖြင့် လာရောက်သည့် နိုင်ငံတကာ ခရီးသည်များ အများဆုံးသွားရောက်သည့် အဓိကခရီးစဉ်ဒေသများ............ ၄၉
ပုံ (၄-၂-၁၂) ခရီးသွားများ မြန်မာနိုင်ငံအတွင်း အများဆုံးအသုံးပြုသည့် သယ်ယူ ပို့ဆောင်ရေးယာဉ်အမျိုးအစားများ ....၅၀
ပုံ (၄-၂-၁၃-၁) မြန်မာနိုင်ငံတွင်း၌ နေထိုင်စဉ် လေကြောင်းဖြင့် ဝင်ရောက်သည့် ခရီးသွားများ လုပ်ဆောင်သည့် ခရီးသွားလာမှုဆိုင်ရာ လှုပ်ရှား ဆောင်ရွက်မှုများ ............ ၅၁
ပုံ (၄-၂-၁၃-၂) မြန်မာနိုင်ငံတွင်း၌ နေထိုင်စဉ် ရေကြောင်းဖြင့် လာရောက်သည့် ခရီးသွား များလုပ်ဆောင်သည့် ခရီးသွားလာမှုဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများ ............ ၅၂
ပုံ (၄-၂-၁၃-၃) မြန်မာနိုင်ငံတွင်း၌ နေထိုင်စဉ် နယ်စပ်ဖြတ်ကျော် ခရီးသွားများ လုပ်ဆောင်သည့် ခရီးသွားလာမှုဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများ............ ၅၃
ပုံ (၄-၂-၁၅) နိုင်ငံတကာခရီးသည်များ မြန်မာနိုင်ငံတွင်း၌ နေထိုင်စဉ် စိတ်ကျေနပ်မှု အဆင့်သတ်မှတ်ချက်များ ..........၅၅
ပုံ (၄-၂-၁၆-၁) မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်စဉ်အတွင်း ခရီးစဉ်တစ်ခုလုံး အပေါ် စိတ်ကျေနပ်မှုအနေအထား ..၅၆
ပုံ (၄-၂-၁၆-၂) မြန်မာနိုင်ငံတွင်း၌ နေထိုင်မှုအပေါ် ငွေကြေးသုံးစွဲအပေါ်ပြန်လည် ရရှိခဲ့သည့် စိတ်ကျေနပ်မှုအနေအထား ............ ၅၇
ပုံ (၄-၂-၁၇) မြန်မာနိုင်ငံသို့ လာမည့် ၃ နှစ်အတွင်း အားလပ်ရက်ခရီးစဉ်အနေဖြင့် လာရောက်နိုင်မှု ............ ၅၈
ပုံ (၄-၂-၁၈) လေကြောင်း၊ ရေကြောင်းနှင့် ကုန်းကြောင်းဖြင့် လာရောက်သည့် ခရီးသွားများ၏ အကြံပြုချက်များ ........၅၉

# အကျဉ်းချုပ် အစီရင်ခံစာ

**၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံသို့လာရောက်လည်ပတ်ခဲ့ကြသည့် ပြည်ပခရီးသည်ဆိုင်ရာ စာရင်းအင်း အကျဉ်းချုံးဖော်ပြချက်**

- ၂၀၂၄ ခုနှစ်တွင် ပြည်ပခရီးသည်ပေါင်း (၁,၀၆၃,၀၇၂) ဦး ဝင်ရောက်ခဲ့ရာ ၂၀၂၃ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၁၇ ရာခိုင်နှုန်း လျော့နည်းသွားပါသည်။
- လေကြောင်း၊ ရေကြောင်းဖြင့် ဝင်ရောက်လာသည့် ပြည်ပခရီးသည်များမှာ (၂၈၁,၈၃၃) ဦး (စုစုပေါင်းခရီးသွား၏ ၂၆ ရာခိုင်နှုန်းခန့်) ရှိခဲ့ပြီး နယ်စပ်ဖြတ်ကျော်ဝင်ရောက်သည့် ပြည်ပခရီးသည်များမှာ (၇၈၁,၈၃၉) ဦး (စုစုပေါင်းခရီးသွား၏ ၇၄ ရာခိုင်နှုန်းခန့်) အသီးသီးရှိခဲ့ပါသည်။
- လာရောက်သည့် ပြည်ပခရီးသည်များကို ကမ္ဘာ့ဒေသကြီးများအလိုက် ခွဲခြားဖော်ပြရလျှင် အာရှဒေသမှ ၂၄၆,၈၄၇ ဦး (၈၇.၆ ရာခိုင်နှုန်း)၊ ဥရောပဒေသမှ ၁၈,၀၃၃ ဦး (၆.၄ ရာခိုင်နှုန်း)၊ အမေရိကမှ ၁၁,၃၉၃ ဦး (၄ ရာခိုင်နှုန်း)၊ သမုဒ္ဒရာပိုင်းဖုန်ဒေသမှ ၃,၀၅၆ ဦး (၁.၁ ရာခိုင်နှုန်း)၊ အရှေ့အလယ်ပိုင်းဒေသမှ ၁,၀၀၂ ဦး (၀.၄ ရာခိုင်နှုန်း)၊ အာဖရိကဒေသမှ ၁,၅၀၂ ဦး (၀.၅ ရာခိုင်နှုန်း)တို့ဖြစ်ပါသည်။
- ဗီဇာအလိုက်ဝင်ရောက်ခဲ့သည့် ပြည်ပခရီးသည်များကို နိုင်ငံသားအလိုက် ဖော်ပြရလျှင် တရုတ်နိုင်ငံသား (၉၉,၈၅၂) ဦး (၃၅ ရာခိုင်နှုန်းခန့်)၊ ထိုင်းနိုင်ငံသား (၄၂,၁၀၅)ဦး (၁၅ ရာခိုင်နှုန်းခန့်)၊ ကိုရီးယားနိုင်ငံသား (၂၃,၁၂၃) ဦး (၈ ရာခိုင်နှုန်းခန့်)၊ ဂျပန်နိုင်ငံသား (၁၉,၃၅၅) ဦး (၇ ရာခိုင်နှုန်းခန့်)၊ အိန္ဒိယနိုင်ငံသား  (၁၅,၃၃၄) ဦး (၅ ရာခိုင်နှုန်းခန့်) ဖြင့် အသီးသီး ရှိခဲ့ပါသည်။
- ၂၀၂၄ ခုနှစ်အတွင်း ပြည်ပခရီးသည်များအနေဖြင့် ပြည်တွင်း၌ စုစုပေါင်းသုံးစွဲမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၅၀၄ သန်း ရှိခဲ့ပါသည်။

**ပြည်ဝင်ခရီးသွားစစ်တမ်း-၂၀၂၄**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနအောက်ရှိ ခရီးသွားလုပ်ငန်းသုတေသနဌာနစိတ်သည် နိုင်ငံတော်အစိုးရဘာတ်ဂျက်ဖြင့် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လတွင် ပထမအကြိမ်နှင့် ဒီဇင်ဘာလတွင် ဒုတိယအကြိမ်၊ စုစုပေါင်း (၂) ကြိမ် ပြည်ဝင်ခရီးသွားစစ်တမ်းကို ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ ပြည်ဝင်ခရီးသည်စစ်တမ်း-၂၀၂၄ အတွက် အပြည်ပြည်ဆိုင်ရာ လေဆိပ်များဖြစ်သည့် ရန်ကုန်နှင့် မန္တလေး၊ နယ်စပ်ဂိတ် ၃ ခု ဖြစ်သည့် တာချီလိတ်၊ မူဆယ်နှင့်

ကော့သောင်းရေဆိပ်များတွင် ပြည်ပခရီးသည်ပေါင်း (၂,၁၈၀) ဦးကို တွေ့ဆုံမေးမြန်းကောက်ယူခဲ့ပါသည်။

ပြည်ဝင်ခရီးသွားစစ်တမ်း- ၂၀၂၄ တွင် ပါဝင်ဖြေဆိုသူများ၏ အဓိကအချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) မြန်မာနိုင်ငံသို့ လာရောက်သည့် အဓိကနိုင်ငံသား ၆ မျိုးမှာ ထိုင်း၊ တရုတ်၊ ရုရှား၊ အိန္ဒိယ၊ အမေရိကန်၊ ဗြိတိန်နှင့် ပြင်သစ်လူမျိုးတို့ဖြစ်ပြီး ထိုင်းနိုင်ငံသား ၃၀ ရာခိုင်နှုန်းခန့်၊ တရုတ်နိုင်ငံသား ၂၆ ရာခိုင်နှုန်းခန့်၊ ရုရှားနိုင်ငံသား ၇ ရာခိုင်နှုန်းခန့်၊ အိန္ဒိယနိုင်ငံသား ၄ ရာခိုင်နှုန်းခန့်၊ အမေရိကန်နိုင်ငံသား၊ ဗြိတိန်နိုင်ငံသားနှင့် ပြင်သစ်နိုင်ငံသား ၃ ရာခိုင်နှုန်းခန့်စီနှင့် အခြား ၂၄ ရာခိုင်နှုန်းခန့်ဖြင့် အသီးသီးရှိကြပါသည်။

(ခ) ပြည်ပခရီးသည်ဝင်ရောက်မှုပုံစံတွင် လေကြောင်းဖြင့်ဝင်ရောက်သည့် ခရီးသည်မှာ ၅၀ ရာခိုင်နှုန်းခန့်ရှိပြီး နယ်စပ်ဖြတ်ကျော်ဝင်ရောက်သည့် ခရီးသည်မှာ ၃၁ ရာခိုင်နှုန်းခန့်၊ ရေကြောင်းဖြင့် ဝင်ရောက်သူ ၁၉ ရာခိုင်နှုန်းခန့် အသီးသီးရှိခဲ့ပါသည်။

(ဂ) ပြည်ပခရီးသည်စုစုပေါင်း၏ ၇၉ ရာခိုင်နှုန်းခန့်သည် တစ်ဦးချင်းလွတ်လပ်စွာ သွားလာသည့် ခရီးသည်များ (Foreign Independent Travelers -FIT) ဖြစ်ပြီး ၂၁ ရာခိုင်နှုန်းခန့်မှာ ခရီးသွားလုပ်ငန်းကုမ္ပဏီများမှ စီစဉ်ပေးသည့်ခရီးစဉ် (Package Tour) ဖြင့် လာရောက်ကြသည့် ခရီးသည်များဖြစ်ကြပါသည်။

(ဃ) ပြည်ပခရီးသည်စုစုပေါင်း၏ ၇၆ ရာခိုင်နှုန်းခန့်သည် ညအိပ်ခရီးသည်များဖြစ်ပြီး ကျန်ရှိ ၂၄ ရာခိုင်နှုန်းခန့်မှာ နေ့ချင်းပြန်ခရီးသည်များဖြစ်ပါသည်။

၂၀၂၄ ခုနှစ်အတွင်း ပြည်ပခရီးသည်များသည် မြန်မာနိုင်ငံသို့ ရည်ရွယ်ချက်အမျိုးမျိုးဖြင့် လာရောက်လျက်ရှိရာ-

(က) ပြည်ပခရီးသည်များ၏ ၅၈ ရာခိုင်နှုန်းသည် အားလပ်ရက်အပန်းဖြေရန်အတွက် လာရောက်ကြပါသည်။

(ခ) ၂၁ ရာခိုင်နှုန်းခန့်သည် စီပွားရေးလုပ်ငန်းကိစ္စများ ဆောင်ရွက်ရန်၊ ၁၅ ရာခိုင်နှုန်းသည် သူငယ်ချင်းမိတ်ဆွေများထံ လာရောက်လည်ပတ်ရန်၊၄ ရာခိုင်နှုန်းသည် အစည်းအဝေး၊ နှီးနှောဖလှယ်ပွဲနှင့် ပြပွဲများတက်ရောက်ရန်၊ ၂ ရာခိုင်နှုန်းသည် တရားထိုင်ခြင်းနှင့် တရားစခန်းဝင်ရောက်ရန်၊ ၁ ရာခိုင်နှုန်းခန့်သည် အခြားအတွက် လာရောက်သူများဖြစ်ကြပါသည်။

လေကြောင်းဖြင့်ဝင်ရောက်သည့် ပြည်ပခရီးသည်တစ်ဦးသည် မြန်မာနိုင်ငံတွင်း၌ ၁၂ ရက်ခန့် တည်းခိုနေထိုင်ကြပြီး နယ်စပ်ဖြတ်ကျော်ဝင်ရောက်သည့် ခရီးသည်တစ်ဦးသည် ၂ ရက်ခန့်၊ ပင်လယ်ရေကြောင်းမှ ဝင်ရောက်လာသည့် ခရီးသည်တစ်ဦးသည် ၂ ရက်ခန့် တည်းခိုနေထိုင်ရာ မြန်မာနိုင်ငံအတွင်း ပြည်ပခရီးသည်တစ်ဦး၏ ပျမ်းမျှနေထိုင်သည့်ရက် (Mean or Average Length of Stay) မှာ ၇ ရက်ခန့်ဖြစ်သည်။

လေကြောင်းဖြင့်ဝင်ရောက်သည့် ပြည်ပခရီးသည်တစ်ဦး၏ ပျမ်းမျှအသုံးစရိတ်သည် အမေရိကန်ဒေါ်လာ ၁၁၂ ဒေါ်လာခန့်ဖြစ်ပြီး နယ်စပ်ဖြတ်ကျော်ဝင်ရောက်သည့် ခရီးသည်တစ်ဦး၏ ပျမ်းမျှအသုံးစရိတ်မှာ အမေရိကန်ဒေါ်လာ ၈၁ ဒေါ်လာခန့်နှင့် ရေကြောင်းဖြင့်ဝင်ရောက်လာသည့် ပြည်ပခရီးသည်တစ်ဦး၏ ပျမ်းမျှအသုံးစရိတ်မှာ အမေရိကန်ဒေါ်လာ ၃၅၁ ဒေါ်လာခန့် ဖြစ်သည်ကို တွေ့ရှိရပြီး ခရီးသည်များ၏ တစ်ရက်ပျမ်းမျှအသုံးစရိတ်မှာ အမေရိကန်ဒေါ်လာ ၁၂၇ ခန့် ရှိပါသည်။

ခရီးသွားဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအတွင်း ပြည်ပခရီးသည်များ၏ စိတ်ကျေနပ်မှုအဆင့်သတ်မှတ်ချက်များမှာ-

(က) ပြည်ပခရီးသည်များ၏ အဆင့်သတ်မှတ်ချက်တွင် "စိတ်ကျေနပ်မှုရှိသည်" ဟု ဖြေဆိုသူ ၅၂ ရာခိုင်နှုန်း၊ "အလွန်စိတ်ကျေနပ်မှုရှိသည်" ဟု ဖြေဆိုသူ ၂၃ ရာခိုင်နှုန်းနှင့် "စိတ်ကျေနပ်မှုမရှိ" ဟု ဖြေဆိုသူ ၃ ရာခိုင်နှုန်းဖြစ်သည်ကို တွေ့ရှိရပါသည်။

(ခ) မြန်မာနိုင်ငံအတွင်း ခရီးသွားလုပ်ငန်းဝန်ဆောင်မှုအပေါ် ငွေကြေးသုံးစွဲရမှုနှင့်စပ်လျဉ်း၍ အဆင့်သတ်မှတ်ချက်များမှာ "စိတ်ကျေနပ်မှုရှိသည်" ဟု ဖြေဆိုသူ ၅၀ ရာခိုင်နှုန်း၊ "သာမန်စိတ်ကျေနပ်မှုရှိသည်" ဟု ဖြေဆိုသူ ၂၄ ရာခိုင်နှုန်းနှင့် "စိတ်ကျေနပ်မှုမရှိ" ဟု ဖြေဆိုသူ ၂ ရာခိုင်နှုန်းဖြစ်သည်ကို တွေ့ရှိရပါသည်။

ပြည်ဝင်ခရီးသွားစစ်တမ်း-၂၀၂၄ မှ လေ့လာတွေ့ရှိချက်များသည် ခရီးသွားများ၏ လိုအပ်ချက်နှင့် အပြုအမူပိုင်းဆိုင်ရာ ပုံစံသစ်များအတွက် မူဝါဒအသစ်များရေးဆွဲခြင်း၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ဖန်တီးလုပ်ဆောင်ခြင်း၊ အဓိကခရီးစဉ်ဒေသအတွင်း နေထိုင်သည့် ဒေသခံများအတွက် အကျိုးဖြစ်စေခြင်း၊ အဓိကခရီးသွားဈေးကွက်များကို ဈေးကွက်မြှင့်တင်ခြင်း၊ ခရီးသွားလုပ်ငန်းဝန်ဆောင်မှု လုပ်ကိုင်သူများနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို အထောက်အပံ့ပြုခြင်း၊ ဝန်ဆောင်မှုအရည်အသွေးနှင့် သတင်းအချက်အလက်ဖြန့်ဝေနိုင်မှုများသည် မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ခြင်းအတွက် များစွာအထောက်အကူပြုလျက်ရှိပါသည်။

ပြည်ဝင်ခရီးသွားစစ်တမ်း-၂၀၂၄ မဆောင်ရွက်မီ ခရီးသွားလုပ်ငန်းသုတေသနဌာနစိတ်က ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ရုံးခွဲများမှ သုတေသနစစ်တမ်းများ ကောက်ယူကြမည့် အရာထမ်း/ အမှုထမ်းဝန်ထမ်းများကို သုတေသနလုပ်ငန်းပိုင်းဆိုင်ရာသင်တန်းများ ပို့ချပေးခြင်း၊ သင်တန်းတွင် စစ်တမ်းကောက်ယူဖြည့်သွင်းခြင်း နည်းလမ်းများကို သရုပ်ပြလေ့ကျင့် သင်ကြားပေးခဲ့သည့်အတွက် စစ်တမ်းကို နားလည်သဘောပေါက်ပြီး လွယ်ကူချောမွေ့စွာ ဆောင်ရွက် နိုင်ခဲ့ပါသည်။


ပြည်ဝင်ခရီးသွားစစ်တမ်း- ၂၀၂၄ သည် မြန်မာနိုင်ငံတွင် ဖွင့်လှစ်ထားပြီးဖြစ်သော နိုင်ငံတကာ လေကြောင်းလိုင်းများနှင့် အပြည်ပြည်ဆိုင်ရာနယ်စပ်ဂိတ်များမှတစ်ဆင့် ဝင်ရောက်လာပြီး စစ်တမ်း မေးခွန်းလွှာများကို စိတ်ပါဝင်စားပြီး လွတ်လပ်စွာဖြေဆိုခဲ့ကြသည့် ခရီးသည်များအပေါ်တွင် အခြေခံ ထားပါသည်။ ယခုအစီရင်ခံစာပါ ဖော်ပြချက်များသည် စစ်တမ်းဖြေဆိုသူများထံမှ ရရှိသည့်အချက် အလက်များကို အခြေခံ၍ ဆန်းစစ်မှုဆောင်ရွက်ပြီး တွေ့ရှိချက်များကို ထည့်သွင်းဖော်ပြထားပါသည်။

# ၁။ နိဒါန်း

မြန်မာနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးအားကဏ္ဍ(၃)ရပ်ဖြစ်သည့် ဝန်ဆောင်မှုကဏ္ဍ၊ စက်မှုကဏ္ဍနှင့် စိုက်ပျိုးရေးကဏ္ဍတို့ဖြင့် ဖွဲ့စည်းထားပြီး ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍသည် ဝန်ဆောင်မှုကဏ္ဍတွင် အဓိကကျသည့် အခန်းကဏ္ဍတစ်ရပ်တွင်ပါဝင်သည်။ ခရီးသွားလုပ်ငန်းကဏ္ဍနှင့် ယင်းနှင့်ဆက်စပ်ဝန်ဆောင်မှုလုပ်ငန်းများမှ နိုင်ငံခြားဝင်ငွေများရရှိနိုင်သည်သာမက အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်သည့်အတွက် နိုင်ငံတစ်နိုင်ငံ၏ ကြွယ်ဝချမ်းသာမှုသည် အဆိုပါနိုင်ငံ၌ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်သည့်အပေါ် များစွာမှီတည်လျက်ရှိပါသည်။ ခရီးသွားလုပ်ငန်းဆိုင်ရာ လိုအပ်သည့်အခြေခံအဆောက်အဦနှင့် ခရီးသွားများ၏ လိုအပ်ချက်များကို ဖြည့်စွမ်းနိုင်ရန်တွက် ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံအသီးသီးနှင့်ဒေသများသည် နိုင်ငံ့စီးပွားရေးအား အကျိုးပြုသည့် ခရီးသွားလုပ်ငန်းအပေါ် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆောင်ရွက်ကြပါသည်။

၂၀၁၉ ခုနှစ်တွင် ကမ္ဘာတစ်ဝှမ်း၌ ကိုဗစ်-၁၉ ဖြစ်ပွားနေချိန်အတွင်း နိုင်ငံအသီးသီး၌ ခရီးသွားလာမှုများ ပိတ်ထားခြင်းနှင့် ကန့်သတ်ခြင်းများကြောင့် ခရီးသွားလုပ်ငန်းသည် သိသိသာသာအထိနာခဲ့ပြီး ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်အတွင်း ကမ္ဘာတစ်ဝှမ်း၌ ခရီးသွားဝင်ရောက်မှုများ သိသိသာသာ ကျဆင်းခဲ့ပါသည်။ ကမ္ဘာ့ကပ်ရောဂါပျံ့နှံ့မှုအား ထိန်းချုပ်နိုင်ရန်အတွက် နိုင်ငံအသီးသီး၌ ပြည်ဝင် ခရီးသွားဝင်ရောက်မှုအား ပိတ်ထားခဲ့သည့်အတွက် ၂၀၂၁ ခုနှစ် ပထမနှစ်ဝက်ကာလများအတွင်း၌ ခရီးသည်ဝင်ရောက်မှုသည် ၂၀၂၀ ခုနှစ် (ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ ခရီးသွားဦးရေဇယား)နှင့် နှိုင်းယှဉ်လျှင် ၈၀ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ပါသည်။ ယခုအခါတွင် ကမ္ဘာ့နိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါ ကန့်သတ်ချက်များနည်းပါးလာခြင်း၊ နိုင်ငံတကာလေကြောင်းလိုင်းများ၊ နယ်စပ်ဝင်ပေါက်များ၊ ရေကြောင်းဝင်ပေါက်များ ဖွင့်လှစ်နေပြီဖြစ်၍ ခရီးသွားလာမှုသည်လည်း တိုးတက်မှုရှိလာပါသည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ နောက်ဆုံးစာရင်းဇယားများအရ ၂၀၂၄ ခုနှစ်တွင် ကမ္ဘာတစ်ဝှမ်း ကမ္ဘာလှည့်ခရီးသည် ၁.၄ ဘီလီယံခန့် သွားလာလည်ပတ်ခဲ့သည်ကို သိရှိရပါသည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ကပ်ရောဂါကာလတွင် အိမ်တွင်နေထိုင်ရခြင်း၊ ခရီးသွားကန့်သတ်ချက်များမှ လွတ်မြောက်လိုခြင်းစသည့် အကြောင်းအချင်းရာများကြောင့် ခရီးသွားလာခြင်းလုပ်ငန်းများသည် အရှိန်အဟုန်ဖြင့် တိုးတက်လာပြီဖြစ်ပါသည်။

၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြည်ပခရီးသည်များရောက်ရှိမှုမှာ ၂၀၁၉ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၂၄% ပြန်လည်ရောက်ရှိလာသည်ကိုတွေ့ရှိရမည်ဖြစ်ပြီး ၂၀၁၈ခုနှစ်မှ ၂၀၂၄ခုနှစ်အတွင်း လေကြောင်း၊ ရေကြောင်း၊ ကုန်းကြောင်းအစရှိသည်ဖြင့် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းအသီးသီးဖြင့် မြန်မာနိုင်ငံသို့ ခရီးသွားဝင်ရောက်မှုအခြေအနေမှာအောက်ဖော်ပြပါဇယားအတိုင်းဖြစ်ပါသည်-




ပုံ (၁-၁) ၂၀၁၈ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း သယ်ယူပို့ဆောင်ရေး ပုံစံအမျိုးမျိုးဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်ခဲ့သည့် ပြည်ပခရီးသည်များစာရင်း

ဇယား (၁-၁) ၂၀၁၈ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း သယ်ယူပို့ဆောင်ရေး ပုံစံအမျိုးမျိုးဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်ခဲ့သည့် ပြည်ပခရီးသည်များစာရင်း


| **Modes of Transport** | **2018** | **2019** | **2020** | **2021** | **2022** | **2023** | **2024** |
|---|---|---|---|---|---|---|---|
| Total Visitor Arrivals by modes of transport | **3,551,428** | **4,364,101** | **903,343** | **130,097** | **233,487** | **1,284,731** | **1,063,072** |
| **(By Air)** | | | | | | | |
| International Airports (Total Visitor Arrivals) | 1,335,714 | 1,792,353 | 330,373 | 18,558 | 90,859 | 276,887 | 280,039 |

| | | | | | | | |
|---|---|---|---|---|---|---|---|
| Yangon International Airport | 1,149,377 | 1,323,994 | 265,249 | 18,069 | 87,507 | 240,419 | 242,722 |
| Mandalay International Airport | 169,582 | 446,488 | 61,562 | 55 | 2,478 | 35,822 | 37,022 |
| Nay Pyi Taw Inter- National Airport | 16,242 | 21,871 | 3,562 | 434 | 874 | 646 | 295 |
| Myeik | 243 | - | - | - | - | - | - |
| **(By Sea)** | | | | | | | |
| Cruise (Total Visitor Arrivals) | 9,370 | 8,701 | 1,113 | 818 | 1,166 | 688 | 716 |
| **(By Land)** | | | | | | | |
| Land Borders (Visa) | 53,014 | 129,371 | 40,415 | - | - | 11,327 | 1078 |
| Land Borders (EP, BP, TBP) | 2,153,330 | 2,433,676 | 531,442 | 111,571 | 141,462 | 995,829 | 781,239 |

(Source: Ministry of Hotels and Tourism, Myanmar)

### ၂၀၂၄ ခုနှစ်အတွင်း နိုင်ငံသားအလိုက် ဗီဇာကိုင်ဆောင်သည့် နိုင်ငံတကာပြည်ပခရီးသည်များ

၂၀၂၄ ခုနှစ်အတွင်း နိုင်ငံသားအမျိုးအမည်အလိုက် ဗီဇာကိုင်ဆောင်သည့် ပြည်ပခရီးသည်များတွင် တရုတ်နိုင်ငံသား (၉၉,၈၅၂) ဦး (စုစုပေါင်းခရီးသွားဦးရေ၏ ၃၅ ရာခိုင်နှုန်းခန့်)၊ ထိုင်းနိုင်ငံသား (၄၂,၁၀၅) ဦး (စုစုပေါင်းခရီးသွားဦးရေ၏ ၁၅ ရာခိုင်နှုန်းခန့်)၊ ကိုးရီးယားနိုင်ငံသား (၂၃,၁၂၃) ဦး (စုစုပေါင်းခရီးသွားဦးရေ၏ ၈ ရာခိုင်နှုန်းခန့်)၊ ဂျပန်နိုင်ငံသား (၁၉,၃၅၅) ဦး (စုစုပေါင်းခရီးသွားဦးရေ၏ ၇ ရာခိုင်နှုန်းခန့်)၊ အိန္ဒိယနိုင်ငံသား (၁၅,၃၃၄) ဦး (စုစုပေါင်းခရီးသွားဦးရေ၏ ၅ ရာခိုင်နှုန်းခန့်) နှင့် အခြားနိုင်ငံသား (၈၂,၀၆၄) ဦး (စုစုပေါင်းခရီးသွားဦးရေ၏ ၂၉ ရာခိုင်နှုန်း) အသီးသီးဖြစ်ကြပါသည်။ နိုင်ငံသားအလိုက် ခရီးသွားဝင်ရောက်မှုမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-





ပုံ (၁-၂) ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်အတွင်း နိုင်ငံသားအလိုက် ဗီဇာကိုင်ဆောင်သည့် ပြည်ပခရီးသည်များ

ဇယား (၁-၂) ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်အတွင်း နိုင်ငံသားအလိုက် ဗီဇာဖြင့်ဝင်ရောက်သည့် ပြည်ပခရီးသည်များ

| No | Country | 2023 Number of Visitor | 2024 Number of Visitor | Change % |
|---|---|---|---|---|
| 1 | CHINA | 102,203 | 99,852 | (-) 2% |
| 2 | THAILAND | 53,450 | 42,105 | (-) 21% |
| 3 | KOREA | 15,248 | 23,123 | 52% |
| 4 | JAPAN | 15,934 | 19,355 | 21% |
| 5 | INDIA | 14,392 | 15,334 | 7% |
| 6 | VIETNAM | 14,396 | 9,385 | (-) 35% |
| 7 | U.S.A | 8,734 | 9,377 | 7% |
| 8 | TAIWAN | 9,817 | 8,455 | (-) 14% |
| 9 | SINGAPORE | 8,169 | 7,381 | (-) 10% |
| 10 | MALAYSIA | 7,703 | 6,135 | (-) 20% |
| 11 | Others | 38,856 | 41,331 | 6% |
| | **Total** | **288,902** | **281,833** | **(-) 2%** |

*ရင်းမြစ် -ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန*




ပုံ (၁-၃) ၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာ့ဒေသကြီးများအလိုက် ဗီဇာကိုင်ဆောင်သည့် ပြည်ပခရီးသည်များ

ဇယား (၁-၃) ၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာ့ဒေသကြီးများအလိုက် ဗီဇာဖြင့် ဝင်ရောက်သည့် ပြည်ပခရီးသည်များ

| No | Region | 2024 Number of Visitor | Change % |
|---|---|---|---|
| 1 | ASIA | 246,847 | 87.6% |
| 2 | EUROPE | 18,033 | 6.4% |
| 3 | AMERICA | 11,393 | 4% |
| 4 | OCEANIA | 3,056 | 1.1% |
| 5 | MIDDLE EAST | 1,002 | 0.4% |
| 6 | AFRICA | 1,502 | 0.5% |
| | **TOTAL** | **281,833** | 100% |

*ရင်းမြစ် -ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန*

ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံအသီးသီးသည် ကမ္ဘာ့ကပ်ရောဂါကြောင့် “New Normal - နေထိုင်မှုပုံစံအသစ်” နှင့်အတူ ခရီးသွားလုပ်ငန်းနှင့်ကိုက်ညီသည့် နည်းပညာသစ်များဖြင့် ခရီးသွားလုပ်ငန်းကို ပြန်လည်ကောင်းမွန်စေရန်ဆောင်ရွက်လျက်ရှိရာ အဆိုပါနည်းပညာသစ်များ ဖော်ဆောင်ရာတွင် ခရီးသွားလုပ်ငန်းသုတေသနနှင့် စာရင်းအင်းအချက်လက်များသည်လည်း အခြေခံကျသည့် ကဏ္ဍတစ်ရပ်တွင် ပါဝင်လျက်ရှိပါသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် ၂၀၁၉ ခုနှစ်၌ ပြည်ဝင်ခရီးသွားစစ်တမ်းကို ဆောင်ရွက်ခဲ့ပြီး အဆိုပါပြည်ဝင်ခရီးသွားစစ်တမ်းမှ ကောက်ယူရရှိသည့် အချက်အလက်ပေါ်မူတည်၍ ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်အတွက် ကမ္ဘာလှည့်ခရီးသွားများ၏ အသုံးစရိတ်စာရင်းများကို တွက်ချက်ခဲ့ပါသည်။ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၁) ဖြင့် “ခရီးသွားလုပ်ငန်းသုတေသနဗဟိုဌာနတည်ထောင်ခြင်းစီမံကိန်း” အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရရှိခဲ့ရာ စီမံကိန်းလုပ်ငန်း

စဉ်ထဲတွင် တစ်ခုအပါအဝင်ဖြစ်သည့် "နိုင်ငံတကာပြည်ဝင်ခရီးသွားစစ်တမ်း-၂၀၂၂" အား ကျွမ်းကျင်ပညာရှင်များနှင့်အတူ ခရီးသွားလုပ်ငန်းသုတေသနဌာနစိတ်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲများမှ အရာထမ်း၊ အမှုထမ်းများက လက်တွဲဆောင်ရွက်ခဲ့ပြီး စစ်တမ်းတွေ့ရှိချက်များကိုလည်း ဖြန့်ဝေခဲ့ပြီးဖြစ်ပါသည်။ စစ်တမ်းတွေ့ရှိချက်များအရ ၂၀၂၂ ခုနှစ်အတွက် ခရီးသွားလုပ်ငန်းမှ ဝင်ငွေကို တွက်ချက်ခဲ့ပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ လက်ကမ်းစာစောင်များတွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ၂၀၂၃ ခုနှစ်တွင်လည်း ပြည်ဝင်ခရီးသွား စစ်တမ်းကို နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဆက်လက်ဆောင်ရွက်ခဲ့ပြီး စစ်တမ်းတွေ့ရှိချက်များကို ဖြန့်ဝေခဲ့ပြီးဖြစ်ပါသည်။

ယခုအစီရင်ခံစာသည် ခရီးသွားဧည့်သည်နည်းပါးသော ၂၀၂၄ ခုနှစ် ဩဂုတ်လတွင် ပထမအကြိမ်၊ ခရီးသွားဧည့်သည်များပြားသော ဒီဇင်ဘာလတွင် ဒုတိယအကြိမ်၊ စုစုပေါင်း (၂) ကြိမ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ရုံးချုပ်) ရှိ ခရီးသွားလုပ်ငန်းဆိုင်ရာ သုတေသနဌာနစိတ်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲများမှ အရာထမ်း၊ အမှုထမ်းများက ရန်ကုန်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၊ မူဆယ်၊ တာချီလိတ်နှင့် ကော့သောင်းရေဆိပ်တို့တွင် ကောက်ယူရရှိသည့် စစ်တမ်းတွေ့ရှိချက်များကို ရေးသားပြုစုထားသည့် အစီရင်ခံစာအုပ်ဖြစ်ပါသည်။

## ၂။ ရည်ရွယ်ချက်များ

ပြည်ဝင်ခရီးသွားစစ်တမ်း-၂၀၂၄ ကို အောက်ပါရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခဲ့ပါသည်-

(က) မြန်မာနိုင်ငံသို့ လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ဂိတ်များမှတစ်ဆင့် ဖြတ်သန်းဝင်ရောက်သည့် ပြည်ပခရီးသည်များ၏ စရိုက်လက္ခဏာ (စိတ်နေစိတ်ထား၊ ကြိုက်နှစ်သက်မှု အစရှိသည်များ) စသည့် အချက်အလက်များကို ကောက်ယူသိရှိနိုင်ရေး။

(ခ) မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရသည့် မတူကွဲပြားသော ရည်ရွယ်ချက်များကို သဘောပေါက်နားလည်ပြီး ခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးအတွက် အကြံဉာဏ်ကောင်းများ ရရှိနိုင်ရေး။

(ဂ) နိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP) ၏ ဝန်ဆောင်မှုကဏ္ဍဖြစ်သည့် ခရီးသွားလုပ်ငန်းကဏ္ဍမှ နိုင်ငံခြားဝင်ငွေအား တွက်ချက်ရာတွင် မြန်မာနိုင်ငံအတွင်း နိုင်ငံတကာခရီးသွားများ၏ လည်ပတ်နေထိုင်သည့်ရက်နှင့် အသုံးစရိတ်ဆိုင်ရာ အချက်အလက်များကို ရရှိနိုင်ရေး။

(ဃ) မြန်မာ့ခရီးသွားထုတ်ကုန်များအား မြှင့်တင်နိုင်ရန် အကြံဉာဏ်ကောင်းများရရှိနိုင်ရေးနှင့် ပြည်ပခရီးသည်များ၏ မြန်မာနိုင်ငံအတွင်း နေထိုင်မှုဆိုင်ရာနှင့် ငွေကြေးသုံးစွဲမှုဆိုင်ရာ စိတ်ကျေနပ်မှုအနေအထားများအစရှိသည့် ခရီးသွားဝန်ဆောင်မှုဆိုင်ရာ အချက်အလက်များ ရရှိနိုင်ရေး။

(င) ၂၀၂၄ ခုနှစ်၊ မြန်မာ့ခရီးသွားစာရင်းအင်းဆိုင်ရာလက်ကမ်းစာစောင်တွင် နိုင်ငံတကာပြည်ဝင်ခရီးသွားစစ်တမ်းမှ လေ့လာတွေ့ရှိချက်များအား ထည့်သွင်းဖော်ပြနိုင်ရေး။

## ၃။ သုတေသနနည်းလမ်း

### ၃.၁။ နမူနာကောက်ယူမှု (Sampling) နည်းလမ်း

လူဦးရေအရွယ်အစားကြီးမားနေခြင်း၊ ထိုလူဦးရေထံမှ သတင်းအချက်အလက်များရရှိရေးအတွက် အချိန်နှင့် ကုန်ကျစရိတ်မှာ ကြီးမြင့်ပါက နမူနာကောက်ယူမှုနည်းလမ်းကို အသုံးပြုကြပါသည်။

ပြည်ဝင်ခရီးသွားစစ်တမ်းကောက်ယူရာတွင် ရည်ရွယ်ချက်အပေါ် အခြေခံပြီး နမူနာကောက်ယူခြင်း (Purposive Sampling/ Judgment Sampling) နှင့် ဖြေဆိုသူသဘောဆန္ဒအပေါ် အခြေခံသည့် နမူနာကောက်ယူခြင်း (Voluntary Response Sampling) နည်းလမ်းများကို အသုံးပြုခဲ့ပါသည်-

(က) **ရည်ရွယ်ချက်ကို အခြေခံပြီး နမူနာကောက်ယူခြင်း (Purposive Sampling/ Judgment Sampling)** သည် မိမိကောက်ယူလိုသည့် နမူနာအုပ်စုကို ပစ်မှတ်ထား၍ ကျပန်းနမူနာကောက်ယူသည့် နည်းလမ်းဖြစ်သည်။ ယခုဆောင်ရွက်ခဲ့သည့် စစ်တမ်းသည် နိုင်ငံတကာခရီးသွားဧည့်သည်များကို ဦးစားပေးကောက်ယူခြင်းဖြစ်ရာ အပြည်ပြည်ဆိုင်ရာလေဆိပ်များရှိ ခရီးသည်နားနေသည့်နေရာများ၊ နယ်စပ်ဂိတ်များနှင့် ရေဆိပ်တွင် ဖြတ်သန်းသွားလာသည့် နိုင်ငံတကာခရီးသွားဧည့်သည်များကို ကျပန်းရွေးချယ်ကောက်ယူခဲ့ပါသည်။

(ခ) **ဖြေဆိုသူ သဘောဆန္ဒအပေါ် အခြေခံသည့် နမူနာကောက်ယူခြင်း ( Voluntary Response Sampling**) သည် မိမိသဘောဆန္ဒအလျောက် ပါဝင်ဖြေဆိုသူများကို ရွေးချယ်ပြီး နမူနာစစ်တမ်းကောက်ယူသည့် အမျိုးအစားဖြစ်ပါသည်။

## ၃.၂။ နမူနာစစ်တမ်းကောက်ယူရန် နေရာများ သတ်မှတ်ခြင်း အစီအစဉ်

၂၀၁၉ ခုနှစ်တွင် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့မှ ပညာရှင်များက အကြံပြုထားသော ဖော်မြူလာကို အသုံးပြု၍ စစ်တမ်းနမူနာအရွယ်အစားကို တွက်ချက်လေ့ရှိပါသည်။ ပြည်ဝင်ခရီးသွားစစ်တမ်း- ၂၀၂၄ ဆောင်ရွက်ရသည့် ရည်ရွယ်ချက်သည် မြန်မာနိုင်ငံသို့ လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်များမှတစ်ဆင့် ဝင်ရောက်ကြမည့် နိုင်ငံတကာခရီးသွားများအား စစ်တမ်းကောက်ယူသွားရန်ဖြစ်ပေရာ နမူနာစစ်တမ်းကောက်ယူမည့် နေရာများကို အောက်ဖော်ပြပါအတိုင်း သတ်မှတ်စီစဉ်ခဲ့ပါသည်-

(က) ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်များ၊ ရန်ကုန်သီလဝါဆိပ်ကမ်းနှင့် ကော့သောင်းဆိပ်ကမ်း၊ ကော့သောင်း၊ မြဝတီ၊ တာချီလိတ်နှင့် မူဆယ်နှင့် တမူးနယ်စပ်ဂိတ်တို့တွင် ကောက်ယူရန်နေရာများကို သတ်မှတ်ထားရှိသော်လည်း လက်ရှိနယ်စပ်ဂိတ်များ ဖွင့်လှစ်ထားရှိမှု၊ ခရီးသွားဝင်ရောက်မှု အနေအထားအရ ရန်ကုန်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ ကော့သောင်းဆိပ်ကမ်း၊ ကော့သောင်း၊ တာချီလိတ်နှင့် မူဆယ်နယ်စပ်ဂိတ်များတွင်သာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

(ခ) ခရီးသွားလုပ်ငန်းသုတေသနအဖွဲ့က အွန်လိုင်းစစ်တမ်းကောက်ယူနိုင်ရေးအတွက် QR Code Link ဖန်တီးထားရှိပြီး ရုံးခွဲများက သင့်လျော်သည့် ဟိုတယ်များတွင် QR Code ပါလက်ကမ်းစာစောင်များဖြန့်ဝေ၍ ဖြေဆိုသူသဘောဆန္ဒအပေါ် အခြေခံသည့် နမူနာကောက်ယူခြင်းနည်းလမ်းဖြင့် ကောက်ယူခဲ့ပါသည်။

ဇယား (၃-၂) စစ်တမ်း (၁) ကြိမ်လျှင် ကောက်ယူရန် နမူနာအရေအတွက် ခွဲဝေခြင်း (Plan)

| Sr. | Interview Area | Visitors in 2023 | Sample Size (Target) |
|---|---|---|---|
| **1** | **International Airports** | **276,887** | **560** |
| | Yangon | 240,419 | 460 |
| | Mandalay | 35,822 | 100 |
| | Nay Pyi Taw | 646 | - |
| **2** | **Cruise and Yacht (By Sea)** | **1,042** | **50** |
| | Yangon | 688 | - |
| | Kaw Thaung | 354 | 50 |
| **3** | **Land Borders** | **1,006,802** | **480** |
| | Kaw Thaung(Myan-Thai) | 121,683 | 160 |
| | Myawaddy (Myan-Thai) | 139,733 | - |
| | Tachileik (Myan-Thai) | 645,068 | 160 |
| | Muse (Myan-China) | 33,818 | 160 |
| | Chin Shwe Haw (Myan-China) | 56,933 | - |
| | Laukkai | 8249 | - |
| | Kanpiketee (Myan-China) | 1,300 | - |
| | Lweigel (Myan-China) | 18 | - |
| | **Total** | **1,284,731** | **1,090** |

## ၃.၃။ စစ်တမ်းမေးခွန်းလွှာ (Survey Questionnaire)

စစ်တမ်းမေးခွန်းလွှာဟူသည် ဖြေဆိုသူများထံက အချက်အလက်များရရှိရန် ရည်ရွယ်ချက်ဖြင့် သုတေသနလုပ်ဆောင်ရာတွင် အသုံးပြုသည့် ကိရိယာ/ နည်းလမ်းတစ်ခုဖြစ်ပြီး ၎င်းကို မေးမြန်းလိုသည့် မေးခွန်းများဖြင့် အစီအစဉ်တကျ ပြင်ဆင်ထားပါသည်။

ပြည်ဝင်ခရီးသွားစစ်တမ်းတွင် ကွန်ပျူတာအထောက်အကူပြု တွေ့ဆုံမေးမြန်းမှုစနစ် (Computer Aided Personal Interview – CAPI) အတွက် စစ်တမ်းမေးခွန်းလွှာကို QR Code link ဖြင့် လုပ်ဆောင်ထားပြီး မှတ်တမ်းတင်မေးမြန်းမှုစနစ် (Pen and Paper Interview – PAPI) အတွက် မေးခွန်းလွှာစာရွက်ဖြင့် လုပ်ဆောင်ထားပါသည်။ နိုင်ငံအလိုက် နိုင်ငံတကာခရီးသွားဝင်ရောက်မှု အနည်း/အများပေါ်မူတည်၍ စစ်တမ်းမေးခွန်းလွှာကို အင်္ဂလိပ်၊ တရုတ်နှင့် ထိုင်းဘာသာစကား သုံးမျိုးဖြင့် ဖော်ပြထားပါသည်။ (နောက်ဆက်တွဲအခန်းတွင် စစ်တမ်းမေးခွန်းလွှာကို အင်္ဂလိပ်ဘာသာစကားဖြင့် အသေးစိတ်ဖော်ပြထားပါသည်။)

### ၃.၃.၁။ စစ်တမ်းမေးခွန်းလွှာတွင် ပါဝင်သည့် အဓိကအချက်အလက်များ

ခရီးသွားစစ်တမ်းသုတေသနမေးခွန်းလွှာတွင် အောက်ဖော်ပြပါအချက်အလက်များ ပါဝင်ပါသည်-

(၁) နေထိုင်ရာဒေသ

(၂) နိုင်ငံသား

(၃) လိင်အမျိုးအစား

(၄) အသက်အရွယ်အုပ်စု

(၅) မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်သည့်ပုံစံ (လေကြောင်း/ ရေကြောင်း/ နယ်စပ်ဂိတ်)

(၆) ကိုင်ဆောင်သည့် ဗီဇာအမျိုးအစားနှင့် နယ်စပ်ဖြတ်ကျော်ဗီဇာအမျိုးအစား

(၇) အလည်အပတ်ပြုရသည့် အဓိကရည်ရွယ်ချက်နှင့်ခရီးသွားအမျိုးအစား

(၈) ခရီးသွားအစီအစဉ်နှင့် ခရီးအမျိုးအစား

(၉) မြန်မာနိုင်ငံသို့ လာရောက်သည်အကြိမ်အရေအတွက်နှင့်နောက်ဆုံးလာရောက်ခဲ့သည့်နှစ်

(၁၀) တည်းခိုရိပ်သာအမျိုးအစား

(၁၁) ခရီးသွားတစ်ဦးပျမ်းမျှ အသုံးစရိတ်

(၁၂) မြန်မာနိုင်ငံသို့ လာရောက်ရသည့် အဓိက အကြောင်းပြချက်များနှင့် အချက်အလက် ရရှိသည့် ရင်းမြစ်များ

(၁၃) ခရီးသွားဖော်များ

(၁၄) မြန်မာနိုင်ငံတွင်း တည်းခိုနေထိုင်သည့် ကာလ

(၁၅) ခရီးစဉ်ဒေသများနှင့် အဓိကခရီးသွားနေရာများ

(၁၆) မြန်မာနိုင်ငံအတွင်း၌ အသုံးပြုနိုင်သည့် သယ်ယူပို့ဆောင်ရေးနည်းလမ်းများ

(၁၇) မြန်မာနိုင်ငံအတွင်း နေထိုင်စဉ် ဆောင်ရွက်နိုင်သည့် Activities များ

(၁၈) ခရီးစဉ်တစ်ခုလုံးအတွက် စိတ်ကျေနပ်မှုအဆင့်

(၁၉) မြန်မာနိုင်ငံသို့ ပြန်လည်လာရောက်လည်ပတ်နိုင်သည့် အနေအထား

(၂၀) ခရီးသွားလုပ်ငန်းဆိုင်ရာ အကြံပြုချက်များ။

## ၃.၄။ စစ်တမ်းဖြေဆိုသူများနှင့် စစ်တမ်းဆောင်ရွက်မည့်နေရာများ

ပြည်ဝင်ခရီးသွားစစ်တမ်းတွင် အောက်ဖော်ပြပါ စစ်တမ်းဖြေဆိုသူအမျိုးအစားများ ပါဝင်ပါသည်-

(၁) ခရီးသွားများ

(၂) နေ့ချင်းပြန် ပြည်ဝင်ခရီးသွားများ

(၃) နယ်စပ်ဖြတ်ကျော်ခရီးသွားများ

အောက်ဖော်ပြပါ အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ နယ်စပ်ဂိတ်များနှင့် ရေကြောင်းဂိတ်များတွင် ပြည်ဝင်ခရီးသွားစစ်တမ်း-၂၀၂၄ ကို ဆောင်ရွက်ခဲ့ပါသည်-

(၁) ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်

(၂) မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်

(၃) မူဆယ်နယ်စပ်ဂိတ်

(၄) တာချီလိတ်နယ်စပ်ဂိတ်

(၅) ကော့သောင်း ရေဆိပ်နှင့် နယ်စပ်ဂိတ်

## ၃.၅။ အချက်အလက်ကောက်ယူမည့် နည်းလမ်းများနှင့် လုပ်ငန်းစဉ်များ

### ၃.၅.၁။ မူလအချက်အလက်ကောက်ယူသည့် နည်းလမ်းများ

မူလသုတေသနလုပ်ဆောင်ခြင်းနည်းလမ်းဆိုသည်မှာ သုတေသီအနေဖြင့် ယခင်သုတေသန လုပ်ဆောင်မှုများမှ ရရှိသည့်အချက်အလက်များကို အသုံးမပြုဘဲ လေ့လာစမ်းသပ်ချက်များ၊ စစ်တမ်းများ၊ လူတွေ့မေးမြန်းခြင်းများကို အသုံးပြု၍ ကိုယ်တိုင်ကြုံတွေ့ရသည့် အရင်းအမြစ်များကို ကောက်ယူခြင်းကိုဆိုလိုပါသည်။ မူလအချက်အလက်ကောက်ယူသည့်နည်းလမ်းများတွင် မျက်နှာချင်းဆိုင်လူတွေ့မေးမြန်းခြင်းနည်းလမ်း (Face-to-Face Interview)၊ မေးခွန်းလွှာဖြင့် မှတ်တမ်းတင်မေးမြန်းမှုနည်းလမ်း (Pen and Paper Interview - PAPI)၊ ကွန်ပျူတာအထောက်အကူပြုတွေ့ဆုံမေးမြန်းမှုနည်းလမ်း (Computer Assisted Personal Interviewing - CAPI) နှင့် အွန်လိုင်းဖြင့် စစ်တမ်းကောက်ယူသည့်နည်းလမ်း (Online Survey) တို့ပါဝင်ပါသည်။

### ၃.၅.၂။ အချက်အလက်ကောက်ယူမှု လုပ်ငန်းစဉ်များ

ခရီးသွားစစ်တမ်းလုပ်ဆောင်ရာတွင် မူလအချက်အလက်ကောက်ယူခြင်းကို မှတ်တမ်းတင်မေးမြန်းမှု (Pen and Paper Interview - PAPI) နည်းလမ်းဖြင့် အချက်အလက်ကောက်ယူခဲ့ပါသည်။ အဆိုပါ PAPI နည်းလမ်းဖြင့် ကောက်ခံခဲ့ရာတွင် စစ်တမ်းကောက်ယူသည့်အဖွဲ့များသည် ဖြေဆိုသူများ၏ သဘောတူညီချက်ပေါ်မူတည်၍ မေးမြန်းသူကိုယ်တိုင် ပါဝင်မေးမြန်းရသည့် Interviewer Administered Personal Interview သို့မဟုတ် ဖြေဆိုသူကိုယ်တိုင်ဖြည့်စွက်ရသည့် Respondent Self-Administered Interview နည်းလမ်းများကို အသုံးပြုကောက်ခံခဲ့ပါသည်။ အွန်လိုင်းမှတစ်ဆင့် စစ်တမ်းကောက်ယူမှု Online Survey လုပ်ဆောင်ရာတွင် ဖြေဆိုသူသဘောဆန္ဒအလျောက်ပါဝင်သည့် နမူနာကောက်ယူခြင်း (Voluntary Response Samples) များတွင် အလွယ်တကူဝင်ရောက်ဖြေဆိုနိုင်ရန်အတွက် ရန်ကုန်၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် သတ်မှတ်ထားသည့် ဟိုတယ်များတွင် ခရီးသွားစစ်တမ်း အွန်လိုင်းမေးခွန်းလွှာနှင့် ချိတ်ဆက်ထားသော QR Code Link ပါဝင်သည့် လက်ကမ်းစာစောင်များကို ဖြန့်ဝေထားပါသည်။

## (၁) အပြည်ပြည်ဆိုင်ရာ လေဆိပ်များ
## မျက်နှာချင်းဆိုင် လူတွေ့မေးမြန်းခြင်းများ

နိုင်ငံတကာခရီးသည်များ နိုင်ငံကူးလက်မှတ်စစ်ဆေးမှုကို ဆောင်ရွက်ပြီးသည့်အခါ လေယာဉ်မထွက်ခွာမီ ခေတ္တနားနေသည့်နေရာများတွင် မျက်နှာချင်းဆိုင်လူတွေ့မေးမြန်း အချက်အလက်ကောက်ယူခြင်းကို ဆောင်ရွက်ခဲ့ပါသည်။ ဖြေဆိုရန်ကမ်းလှမ်းခံရသည်မှ ငြင်းဆိုသည့်အခါတွင်လည်း "ဖြေဆိုရန်ငြင်းဆိုသည်" ဟူ၍ မှတ်သားကာ ဖြေကြားမှုရာခိုင်နှုန်းအား တွက်ချက်ပါသည်။

ဖြေဆိုသူဘက်က စစ်တမ်းတွင် ပိုမိုပါဝင်ပူးပေါင်းဆောင်ရွက်ရန်အလို့ငှာ မေးခွန်းများ မေးမြန်းရာတွင် စစ်တမ်းဆောင်ရွက်ရသည့် အဓိကရည်ရွယ်ချက်အား နိုင်ငံခြားဘာသာစကားတတ်ကျွမ်းသည့် စစ်တမ်းကောက်ယူသူများက ရှင်းပြပြီးမှ အချက်အလက်ကောက်ယူခြင်းကို ဆောင်ရွက်ပါသည်။ စစ်တမ်းကောက်ယူသူများသည် ဖြေဆိုသူများကို လေဆိပ်မထွက်ခွာမီ "မျက်နှာချင်းဆိုင်လူတွေ့မေးမြန်းခြင်း" သို့မဟုတ် စစ်တမ်းမေးခွန်းလွှာတွင် ကိုယ်တိုင်ဖြေဆိုစေခြင်းတို့ကို ဆောင်ရွက်ပါသည်။

**ဓာတ်ပုံ - မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြည်ဝင်ခရီးသွားစစ်တမ်းတမ်းကောက်ယူခြင်းမှတ်တမ်း**



## (၁) QR Form ဖြင့် အွန်လိုင်းမှ စစ်တမ်းကောက်ယူခြင်း

စစ်တမ်းကောက်ယူသည့်အဖွဲ့သည် လေကြောင်းလိုင်း ကောင်တာများ/ ထွက်ခွာဂိတ်များတွင် စစ်တမ်းမေးခွန်းလွှာနှင့် ချိတ်ဆက်ထားသော QR Code Link ဖော်ပြထားသော ဗီနိုင်းပိုစတာများကို ထားရှိပေးထားခဲ့ပြီး ဖြေဆိုမည့်သူများအနေဖြင့် QR Code ကို Scan ဖတ်ကာ ကိုယ်တိုင်ကိုယ်ကျပါဝင်ဖြေဆိုနိုင်ရန် ဆောင်ရွက်ပေးခဲ့ပါသည်။

**English Language Question QR** | **Chinese Language Question QR** | **Thai Language Question QR**

QR Code (အင်္ဂလိပ်ဘာသာ၊ တရုတ်ဘာသာ၊ ထိုင်းဘာသာ)

## (၂) နယ်စပ်ဂိတ်များနှင့်ရေဆိပ်တွင် ကောက်ယူခြင်း

နယ်စပ်ဂိတ်များနှင့်ရေဆိပ်၌ စစ်တမ်းဖြေဆိုရန် အချိန်ရရှိနိုင်မည့် နယ်စပ်ဂိတ်မဖြတ်သန်းမီ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၌ စောင့်ဆိုင်းနေချိန်နှင့် ပတ်စပို့ သို့မဟုတ် နယ်စပ်ဖြတ်သန်းခွင့်ကဒ်များ စစ်ဆေးချိန်များတွင် လူတွေ့မေးမြန်းခြင်းကို ပြုလုပ်ကြပါသည်။ ဖြေဆိုသူက စစ်တမ်းတွင် ပြီးပြည့်စုံစွာပါဝင်နိုင်ရန်အတွက် မေးမြန်းသူကိုယ်တိုင်ပါဝင်မေးမြန်းရသည့် (Interviewer Administered Personal Interview) သို့မဟုတ် ဖြေဆိုသူကိုယ်တိုင်ပါဝင်ရသည့် (Respondent Self-Administered Interview) နည်းလမ်းများဖြင့် မေးမြန်းမှုများကို ဆောင်ရွက်ပါသည်။ နိုင်ငံခြားသားများတွင် ထိုင်းလူမျိုးများပါရှိလာသည့်အခါ စစ်တမ်းကောက်ယူသည့်အဖွဲ့သည် ထိုင်းဘာသာပြန်များ၏ အကူအညီဖြင့် စစ်တမ်းကောက်ယူခြင်းကို ဆောင်ရွက်ခဲ့ပါသည်။


## (၃) ဟိုတယ်များတွင် QR Form များဖြန့်ဝေ၍ ကောက်ယူခြင်း(အွန်လိုင်းမှစစ်တမ်းကောက်ယူခြင်း)

စစ်တမ်းကောက်ယူသည့်အဖွဲ့များသည် စစ်တမ်းကောက်ယူရန် ရွေးချယ်ထားသည့် ဟိုတယ်များတွင် စစ်တမ်းလွှာပါဝင်သည့် QR Code Link များဖြန့်ဝေထားခြင်းဖြင့် ဖြေဆိုလိုသူများသည် ကိုယ်တိုင်ကိုယ်ကျ ဝင်ရောက်ဖြေဆိုနိုင်ကြပါသည်။

## ၃.၆။ စစ်တမ်းကောက်ယူနေခြင်းအား ကြေညာချက်များ

စစ်တမ်းကောက်ယူမည့်အဖွဲ့များသည် အပြည်ပြည်ဆိုင်ရာလေဆိပ်များတွင်ထွက်ခွာသည့်နေရာများ၊ နယ်စပ်ဂိတ်ဝင်ပေါက်များနှင့် ကောက်ယူရန် ရွေးချယ်သတ်မှတ်ထားသည့် ဟိုတယ်များတွင် ပြည်ဝင် ခရီးသွားစစ်တမ်း Vinyl Stand များကို အင်္ဂလိပ်၊ ထိုင်းနှင့် တရုတ်ဘာသာစသည့် ဘာသာစကား သုံးမျိုးချိတ်ဆွဲ၍ ကြေညာခဲ့ပါသည်။

**ဓာတ်ပုံ - ရန်ကုန် အပြည်ပြည် ဆိုင်ရာ လေဆိပ်တွင် အင်္ဂလိပ် ဘာသာစကားဖြင့် Vinyl stand များထားရှိပုံ**





**ဓာတ်ပုံ - မန္တလေး အပြည်ပြည် ဆိုင်ရာ လေဆိပ်တွင် အင်္ဂလိပ် ဘာသာစကားဖြင့် Vinyl stand များထားရှိပုံ**



## ၃.၇။ QR Code လက်ကမ်းစာစောင်များ ဖြန့်ဝေထားရှိခြင်း

ပြည်ပခရီးသည်များအနေဖြင့် ခရီးသွားစစ်တမ်းတွင် ပါဝင်နိုင်ရန် အတွက် စစ်တမ်းကောက်ယူမည့် အဖွဲ့သည် အပြည်ပြည်ဆိုင်ရာလေဆိပ်များရှိ ထွက်ခွာသည့်နေရာများ၊ နယ်စပ်ဂိတ်ဝင်ပေါက်များနှင့် ကောက်ယူရန် ရွေးချယ်သတ်မှတ်ထားသည့် ဟိုတယ်များတွင် အင်္ဂလိပ်၊ တရုတ်နှင့် ထိုင်းဘာသာ စကားသုံးမျိုးဖြင့် ဖော်ပြထားပြီး Survey QR code ပါဝင်သော လက်ကမ်းစာစောင်များကို ဖြန့်ဝေ ထားရှိပါသည်။







**ဓာတ်ပုံ - အင်္ဂလိပ်၊ တရုတ်နှင့် ထိုင်း ဘာသာစကားသုံးမျိုးဖြင့် QR Code လက်ကမ်းစာစောင်များ**

## ၃.၈။ ကောက်ယူခဲ့သည့် နေရာအလိုက် ပြီးပြည့်စုံသည့် နမူနာစစ်တမ်းလွှာများ

စစ်တမ်းကောက်ယူသည့် နေရာအလိုက် (အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဂိတ်များ) ကောက်ယူရရှိခဲ့၍ ပြီးပြည့်စုံသည့် နမူနာစစ်တမ်းလွှာများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

ဇယား (၃-၈) ပြည်ဝင်ခရီးသွားစစ်တမ်း-၂၀၂၄ (၁) ကြိမ်လျှင် ကောက်ယူရရှိခဲ့သည့် ပြီးပြည့်စုံသည့် နမူနာစစ်တမ်းများ

| Sr. | Interview area | Sample Size | Complete Survey Form |
|---|---|---|---|
| **1** | **International Airports** | **5 06** | **547** |
| | Yangon | 4 6 0 | 447 |
| | Mandalay | 1 0 0 | 1 0 0 |
| | Nay Pyi Taw | - | - |
| **2** | **Cruise, Border and Yacht (By Sea & Land)*** | **50** | **50** |
| | **Kaw Thaung** | 50 | 50 |
| **3** | **Land borders** | **480** | **493** |
| | Kaw Thaung | 160 | 163 |

| | | | |
|---|---|---|---|
| | Muse | 160 | 160 |
| | Tachileik | 160 | 170 |
| | **Total** | **1,090** | **1,090** |

## ၃.၉။ စစ်တမ်းကောက်ယူခြင်းဆိုင်ရာ ကန့်သတ်ချက်များ

စစ်တမ်းကောက်ယူခြင်းဆိုင်ရာ ကန့်သတ်ချက်ဆိုသည်မှာ စစ်တမ်းကောက်ယူမှုနည်းလမ်းတွင် အမှားအယွင်းပါရှိခြင်း၊ လေ့လာမည့် နမူနာအရွယ်အစားသေးငယ်ခြင်းနှင့် အရင်းအမြစ်လုံလုံလောက်လောက်မရှိခြင်း အစရှိသဖြင့် ဖြစ်ပေါ်နိုင်ခြင်းကို ဆိုလိုပါသည်။ လေ့လာမှုတစ်ရပ်သည် လုံးဝပြီးပြည့်စုံမည်မဟုတ်ဘဲ ပြစ်ချက်ကင်းနိုင်ရန် အခက်အခဲရှိပါသည်။ လေ့လာမှုတစ်ခုတွင် အနည်းနှင့်အများ ချွတ်ယွင်းချက်ရှိနိုင်သည့်အတွက် ကန့်သတ်ချက်များထားရှိခြင်းသည် အဆိုပါ လေ့လာမှုအတွက် ပွင့်လင်းမြင်သာမှုနှင့် ရိုးဖြောင့်မှုကို ဖြစ်စေပါသည်။

ယေဘုယျကန့်သတ်ချက်မှာ စစ်တမ်းဆောင်ရွက်ရသည့် အချိန်ကာလတစ်ခုကြောင့်သာ ဖြစ်ပါသည်။ ၂၀၂၃ ခုနှစ်အတွင်း မြန်မာနိုင်ငံအတွင်းသို့ဝင်ရောက်ခဲ့သည့် ပြည်ပခရီးသည်အားလုံးကိုခြုံငုံမိစေရန် ရည်ရွယ်၍ ၂၀၂၄ ခုနှစ် ဩဂုတ်လတွင် ပထမအကြိမ်၊ ဒီဇင်ဘာလတွင် ဒုတိယအကြိမ်၊ စုစုပေါင်း (၂) ကြိမ် ပြည်ဝင်ခရီးသွားစစ်တမ်းကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ စစ်တမ်းအရွယ်အစား သတ်မှတ်ရာတွင်လည်း အပြည်ပြည်ဆိုင်ရာဝင်ပေါက်များမှ ဝင်ရောက်လာမည့် နိုင်ငံခြားသားများကို လွှမ်းခြုံနိုင်ရန် စစ်တမ်းအရေအတွက် ၁,၀၉၀ (QR Code အပါအဝင်) ကောက်ယူရန် ရည်မှန်းထားခဲ့ပါသည်။ အဆိုပါနမူနာစစ်တမ်း ၁,၀၉၀ တွင် ပါဝင်ဖြေဆိုသူ ၃ ပုံ ၁ ပုံခန့်မှာ အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဂိတ်များမှတစ်ဆင့် ဖြတ်သန်းဝင်ရောက်ခဲ့သည့် ထိုင်းလူမျိုးခရီးသည်များ ဖြစ်သည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံတွင်း လာရောက်သည့် ပြည်ပခရီးသည်များ၏ လုံခြုံရေးဆိုင်ရာ ခရီးသွားလာမှုကန့်သတ်ချက်များကြောင့် ခရီးစဉ်ဒေသအချို့သို့ သွားလာရန် အခက်အခဲများရှိသည့်အတွက် ဦးတည်ထားသည့်ခရီးသွားများထံမှ စစ်တမ်းကောက်ယူရန် အခွင့်အလမ်းများ မရရှိခဲ့သည်များ ကြုံတွေ့ရပါသည်။ သို့ရာတွင် အခြားတစ်ဖက်တွင်လည်း ကော့သောင်းနိုင်ငံတကာနယ်စပ်ဝင်ပေါက်ကို ဖွင့်လှစ်ထားရှိသည့်အတွက် ကော့သောင်းပတ်ဝန်းကျင်ရှိကျွန်းများသို့တတိယနိုင်ငံသား ခရီးသွားများဝင်ရောက်လျက်ရှိပါသည်။စစ်တမ်း၏အဓိကကျသည့် ကန့်သတ်ချက်တစ်ခုမှာ ခရီးသွားများသည် စစ်တမ်းမေးခွန်းလွှာတွင် မေးမြန်းသည့် "ငွေကြေးသုံးစွဲမှုအသုံးစရိတ်" ကို ဖြေဆိုရန် တုံ့ဆိုင်းနေကြခြင်းဖြစ်သည်။ နိုင်ငံတကာခရီးသွားအများစုသည် အသုံးစရိတ်ပိုင်း ဖြည့်စွက်ရာ တွင် ငွေကြေးအမျိုးအစားများ တူညီမှုမရှိခြင်း၊ ငွေကြေးလဲလှယ်မှုနှုန်းမတူညီခြင်း၊ အသုံးစရိတ် စုစုပေါင်းကို ဖြေဆိုကြ၍ ကဏ္ဍအလိုက်တစ်ခုချင်း ဖြေဆိုရန် အခက်အခဲရှိခြင်းတို့ကို တွေ့ရှိရပါသည်။ သို့ရာတွင်

ခရီးသွားလုပ်ငန်းသုတေသနဌာနစိတ်ရှိ ဝန်ထမ်းများက ငွေကြေးသုံးစွဲမှု အသေးစိတ်စာရင်းများကို ကိုက်ညီမှုရှိစေရေး စာရင်းဇယားများကို Data Cleaning သေချာစွာပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။ စစ်တမ်းအချက်အလက်ကောက်ယူသည့်လုပ်ငန်းစဉ်တွင် အောက်ဖော်ပြပါ ကန့်သတ်ချက်များ တွေ့ရှိရပါသည်-

**(က) လေကြောင်းဖြင့်ဝင်ရောက်လာသည့် ပြည်ပခရီးသည်များနှင့်စပ်လျဉ်းသည့် စစ်တမ်းကန့်သတ်ချက်များ**

ခရီးသွားများ၏လုံခြုံရေး၊ လက်ရှိဖြစ်ပေါ်နေသော အကြောင်းအချက်များကြောင့် ကိုဗစ်ကာလ မတိုင်မီအခြေအနေကို ပြန်လည်ရောက်ရှိမှုမရှိသေးသည့်အနေအထားတွင်သာ ရှိနေပါသည်။လေယာဉ်များသွားလာပျံသန်းခွင့်၊ e-visa စနစ်များဆောင်ရွက်ပေးခြင်း၊ အချို့နိုင်ငံများအား Visa on Arrival ခွင့်ပြုပေးမှုများဆောင်ရွက်ပေးလျက်ရှိသော်လည်း ရန်ကုန်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်များတွင် ခရီးသည်ဝင်ရောက်မှုမှာ နည်းပါးလျက်ရှိခြင်း၊ စစ်တမ်းကောက်သည့်ကာလတွင် နေပြည်တော်လေဆိပ်တွင် ဝင်ရောက်မှုနည်းပါးသည်ကို တွေ့ရှိရပါသည်။

**(ခ) နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့် ပြည်ပခရီးသည်များနှင့်စပ်လျဉ်းသည့် စစ်တမ်းကန့်သတ်ချက်များ**

မူဆယ်၊ ကော့သောင်း၊ တာချီလိတ်အပြည်ပြည်ဆိုင်ရာ နယ်စပ်ဂိတ်များ တရားဝင်ဖွင့်လှစ်ထားသော်လည်း လက်ရှိတွင်မူဆယ်နှင့်မြဝတီနယ်စပ်ဂိတ်များသည် အခြေအနေအကြောင်းအမျိုးမျိုးကြောင့် ကန့်သတ်ချက်များရှိနေသည်ကို တွေ့ရပါသည်။

**(ဂ) ရေကြောင်းများမှ ခရီးသွားများနှင့် စပ်လျဉ်းသည့်စစ်တမ်းကန့်သတ်ချက်များ**

စစ်တမ်းကောက်ခံသည့်ကာလအတွင်း ရန်ကုန်ဆိပ်ကမ်းသို့ အပျော်စီးသင်္ဘောများဝင်ရောက်လာမှုမရှိဘဲကော့သောင်းရေဆိပ်သို့ နိုင်ငံခြားသားခရီးသွားများသည် အပျော်စီးရွက်လှေဖြင့် အနည်းငယ်ဝင်ရောက်ခဲ့သည်ကို တွေ့ရပါသည်။

စစ်တမ်းကောက်ယူရာတွင် တွေ့ရှိရသည့် အခက်အခဲများ၊ ကန့်သတ်ချက်များကိုသင်ယူပြီး နောင်ဆောင်ရွက်မည့်စစ်တမ်းများတွင် အဆင်ပြေချောမွေ့စေရေး ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

# ၄။ စစ်တမ်းတွေ့ရှိချက်များ

## ၄.၁။ နောက်ခံအချက်အလက်များ

ဤအခန်းတွင် ပြည်ဝင်ခရီးသွားစစ်တမ်း ကောက်ယူရာတွင် တွေ့ရှိသည့် လေ့လာတွေ့ရှိချက်များနှင့် စာရင်းအင်းကိန်းဂဏန်းဆိုင်ရာ အချက်အလက်များ၏ နောက်ခံအကြောင်းအရာများနှင့် စပ်လျဉ်း၍ ဖော်ပြသွားမည်ဖြစ်ပါသည်။

### ၄.၁.၁။ ဖြေဆိုသူ(ပြည်ဝင်) အမျိုးအစားများ (နိုင်ငံတကာ ခရီးသွားများ)

ဖြေဆိုသူအမျိုးအစားများအားညအိပ်၊နေ့ချင်းပြန်နှင့်နယ်စပ်ဖြတ်ကျော်ခရီးသွားများဟူ၍ အမျိုးအစား (၃) မျိုး ခွဲခြားနိုင်သည်။

ခရီးသွားများမှာ မြန်မာနိုင်ငံအတွင်းသို့ ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်အသီးသီးမှ ကမ္ဘာလှည့်ဗီဇာ၊ လုပ်ငန်းဗီဇာ၊ လူမှုရေးအလည်အပတ်ဗီဇာ၊ ဗီဇာကင်းလွတ်ခွင့် အစရှိသည့် ဗီဇာအမျိုးအစား (၅) မျိုးဖြင့် တစ်ရက်ထက်ပို၍ ဖြတ်သန်းဝင်ရောက်သည့် ပြည်ပခရီးသည်များကို ဆိုလိုပါသည်။

နိုင်ငံတကာနေ့ချင်းပြန်ခရီးသွားများမှာ နယ်စပ်ဖြတ်ကျော်ခွင့်ဗီဇာ သို့မဟုတ် ယာယီ နယ်စပ်ဖြတ်ကျော်ခွင့်ဗီဇာကိုင်ဆောင်၍ မူဆယ်၊ မြဝတီ၊ တာချီလိတ်နှင့် ကော့သောင်းအပြည်ပြည်ဆိုင်ရာ နယ်စပ်ဂိတ်အသီးသီးမှ တစ်ရက်ထက်မပိုသော (သို့မဟုတ်) နေ့ချင်းပြန် ဖြတ်သန်းဝင်ရောက်သည့် ပြည်ပခရီးသည်များကို ဆိုလိုပါသည်။


နယ်စပ်ဖြတ်ကျော်များမှာ နယ်စပ်ဖြတ်ကျော်ခွင့်ဗီဇာ သို့မဟုတ် ယာယီနယ်စပ်ဖြတ်ကျော်ခွင့်ဗီဇာကိုင်ဆောင်၍ မူဆယ်၊ မြဝတီ၊ တာချီလိတ်နှင့် ကော့သောင်းအပြည်ပြည်ဆိုင်ရာ နယ်စပ်ဂိတ် အသီးသီးမှ တစ်ရက်ထက်ပို၍ ဖြတ်သန်းဝင်ရောက်သည့် ပြည်ပခရီးသည်များကို ဆိုလိုပါသည်။

### ၄.၁.၂။ အချက်အလက်အရင်းအမြစ်များ

အပြည်ပြည်ဆိုင်ရာလေဆိပ်များရှိ ပြည်ပထွက်ခွာစောင့်ဆိုင်းရာနေရာများနှင့် နယ်စပ်ဝင်ပေါက်များတွင် ဝင်ထွက်သွားလာသော နိုင်ငံခြားသားများ၊ နေ့ချင်းပြန်ခရီးသွားများကို မျက်နှာချင်းဆိုင် လူချင်းတွေ့မေးမြန်းခြင်းနှင့် QR Code ဖြင့် အွန်လိုင်းစစ်တမ်း ကောက်ယူခြင်းတို့ဖြင့် ရရှိလာသည့် စာရင်းအင်းအချက်အလက်အရင်းအမြစ်များဖြစ်ပါသည်။

## ၄.၂။ စစ်တမ်းမှ လေ့လာတွေ့ရှိချက်များ


### ၄.၂.၁။ နေထိုင်ရာနိုင်ငံအလိုက် နိုင်ငံတကာခရီးသည်များ




*နမူနာဦးရေ-၂,၁၈၀*

ပုံ (၄-၂-၁) နေထိုင်ရာနိုင်ငံအမျိုးအစားအလိုက် ပြည်ပခရီးသည်နှင့် ကမ္ဘာ့တိုက်ကြီးများအလိုက် လာရောက်လည်ပတ်မှု


နေ့ချင်းပြန်နှင့် ညအိပ်ခရီးသည်အမျိုးအစား (၂) ခုလုံး ပါဝင်သည့် နိုင်ငံတကာနှင့်နယ်စပ်ဖြတ်ကျော်ခရီးသည်များသည် မြန်မာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဂိတ်များကို ဖြတ်သန်း၍ ကမ္ဘာ့နိုင်ငံတစ်ဝှမ်းရှိဒေသအသီးသီးမှ လာရောက်လျက်ရှိပါသည်။ စစ်တမ်းဖြေဆိုသည့် ခရီးသွားများ၏ နေထိုင်ရာအရပ်ဒေသများအဖြစ် ထိုင်းနိုင်ငံမှ ၃၁ ရာခိုင်နှုန်းဖြင့် အများဆုံးရှိသည်ကို တွေ့ရှိရပြီး ဒုတိယအများဆုံးမှာ တရုတ်နိုင်ငံ (၂၆ ရာခိုင်နှုန်း)၊ တတိယ အများဆုံးမှာ ရုရှားနိုင်ငံ(၇ ရာခိုင်နှုန်း)၊ အိန္ဒိယနိုင်ငံ (၄ ရာခိုင်နှုန်း)၊ အမေရိကန်နိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့မှ ၃ ရာခိုင်နှုန်းစီ၊ ဗြိတိန်၊ ဂျပန်နိုင်ငံ၊ ဂျာမနီနိုင်ငံနှင့် စင်္ကာပူနိုင်ငံများမှ ၂ ရာခိုင်နှုန်းစီ နှင့် ကျန်နိုင်ငံများမှာ ၁ ရာခိုင်နှုန်းစီ အသီးသီးရှိသည်ကို တွေ့ရှိရပါသည်။




*နမူနာဦးရေ-၂,၁၈၀*

စစ်တမ်းဖြေဆိုခဲ့သည့် ခရီးသွားများကို ကမ္ဘာ့တိုက်ကြီးများအလိုက် ခွဲခြမ်းစိတ်ဖြာပါက အာရှတိုက်မှ ၇၂ ရာခိုင်နှုန်း၊ အနောက်ဥရောပမှ ၁၂ ရာခိုင်နှုန်း၊ အရှေ့ဥရောပမှ ၁၀ ရာခိုင်နှုန်း၊ မြောက်အမေရိကမှ ၃ ရာခိုင်နှုန်းနှင့် အရှေ့အလယ်ပိုင်း၊ တောင်အမေရိကနှင့် ပင်လယ်တွင်းနိုင်ငံများမှ ၁ ရာခိုင်နှုန်းစီ အသီးသီးရှိကြောင်း တွေ့ရှိရပါသည်။


## ၄.၂.၂။ စစ်တမ်းကောက်ယူစဉ်အတွင်း ဖြေဆိုခဲ့သည် လာရောက်လည်ပတ်မှုအများဆုံး နိုင်ငံသားအမျိုးအစား




*နမူနာဦးရေ-၂,၁၈၀*

ပုံ (၄-၂-၂-၁) လာရောက်လည်ပတ်မှုအများဆုံး နိုင်ငံသားအမျိုးအစား


စစ်တမ်းဖြေဆိုခဲ့သူများအနက် အများဆုံးပါဝင်ဖြေဆိုခဲ့သည့် နိုင်ငံသား ၁၀ မျိုးမှာ ထိုင်း (၃၀ ရာခိုင်နှုန်း)၊ တရုတ်(၂၆ ရာခိုင်နှုန်း)၊ ရုရှား(၇ ရာခိုင်နှုန်း)၊ အိန္ဒိယ (၄ ရာခိုင်နှုန်း)၊ ဗြိတိန်၊ အမေရိကန်နှင့် ပြင်သစ်နိုင်ငံသားများမှာ (၃ ရာခိုင်နှုန်း) စီနှင့် ဂျပန်၊ ဂျာမန်နှင့် ကိုရီးယား လူမျိုးတို့မှာ (၂ ရာခိုင်နှုန်း)စီ အသီးသီးရှိသည်ကို တွေ့ရှိရပါသည်။




*နမူနာဦးရေ-၂,၁၈၀*

ပုံ (၄-၂-၂-၂) ဖြေဆိုသည့် ကျား/မ အမျိုးအစား

မြန်မာနိုင်ငံသို့ လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ဖြတ်ကျော် (ကုန်းကြောင်း) မှတစ်ဆင့် လာရောက်လည်ပတ်သည့် ခရီးသွားများ၏ ကျား/မ အချိုးအစားကို နှိုင်းယှဉ်ကြည့်ပါက အမျိုးသားခရီးသွားဧည့်သည့်များသည် ၆၆ ရာခိုင်နှုန်းရှိပြီး အမျိုးသမီးခရီးသွားအရေအတွက် ၃၄ ရာခိုင်နှုန်းရှိသဖြင့် အမျိုးသားခရီးသွားဦးရေသည် အမျိုးသမီးခရီးသွားဦးရေထက် ၃၂ ရာခိုင်နှုန်းပိုမိုများပြားသည်ကို တွေ့ရှိရပါသည်။





*နမူနာဦးရေ-၂,၁၈၀*

ပုံ (၄-၂-၂-၃) ဖြေဆိုသည့် နိုင်ငံတကာခရီးသည်၏ အသက်အရွယ်အုပ်စု

မြန်မာနိုင်ငံသို့ လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ဖြတ်ကျော် (ကုန်းကြောင်း) မှတစ်ဆင့် လာရောက်လည်ပတ်သည့် ခရီးသည်များ၏ အသက်အရွယ်အချိုးအစားကို နှိုင်းယှဉ်လျှင် စုစုပေါင်း၏ သုံးပုံတစ်ပုံခန့်သည် အသက်(၃၀-၃၉)နှစ်ကြား၊ လေးပုံတစ်ပုံခန့်သည် အသက် (၄၀-၄၉) နှစ်ကြား၊ အသက် (၂၀-၂၉) နှစ်မှာ ၂၀ ရာခိုင်နှုန်း၊ အသက်(၅၀-၅၉) နှစ်မှာ ၁၃ ရာခိုင်နှုန်း၊ အသက် (၆၀ နှစ်နှင့်အထက်) နှစ်မှာ ၇ ရာခိုင်နှုန်းနှင့် အသက်(၀-၁၉) နှစ်ဆယ်ကျော် သက်များမှာ ၂ ရာခိုင်နှုန်းဖြင့် အနည်းဆုံးဖြစ်သည်ကို တွေ့ရှိရပါသည်။


## ၄.၂.၃။ မြန်မာနိုင်ငံသို့ လမ်းကြောင်းအလိုက် ဝင်ရောက်သည့် ပြည်ပခရီးသည်ပမာဏ




*နမူနာဦးရေ-၂,၁၈၀*

ပုံ (၄-၂-၃-၁) မြန်မာနိုင်ငံသို့ လမ်းကြောင်းအလိုက် ဝင်ရောက်သည့် ပြည်ပခရီးသည် ပမာဏ


ပြည်ဝင်ခရီးသွားစစ်တမ်း-၂၀၂၄ အရ မြန်မာနိုင်ငံသို့ လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ဖြတ်ကျော် (ကုန်းကြောင်း) မှတစ်ဆင့် လာရောက်လည်ပတ်သည့် ခရီးသွားများအနက် လေကြောင်းမှ လာရောက်သည့် ခရီးသည်များသည် ၅၀ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ပါသည်။ ကုန်းကြောင်းမှ လာရောက်သည့် ခရီးသည်များသည် ၃၁ ရာခိုင်နှုန်းဖြင့် ဒုတိယ အများဆုံးနှင့် ရေကြောင်းမှ လာရောက်သည့် ခရီးသည်များသည် ၁၉ ရာခိုင်နှုန်းဖြင့် အနည်းဆုံးဖြစ်သည်ကို တွေ့ရှိရပါသည်။




*နမူနာဦးရေ-၂,၁၈၀*

ပုံ (၄-၂-၃-၂) ပြည်ပခရီးသည်များ ကိုင်ဆောင်သည့် ဗီဇာအမျိုးအစားများ

စစ်တမ်းအရ မြန်မာနိုင်ငံသို့ လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ဖြတ်ကျော် (ကုန်းကြောင်း) မှတစ်ဆင့် လာရောက်လည်ပတ်သည့် ခရီးသည်များအနက် ၂၀၂၄ ခုနှစ်တွင် ကမ္ဘာလှည့်ဗီဇာဖြင့် လာရောက်သည့် ခရီးသည်များသည် ၄၂ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ပြီး စီးပွားရေးဗီဇာဖြင့် လာရောက်သည့် ခရီးသွားများမှာ ၁၆ ရာခိုင်နှုန်း၊ ဗီဇာကင်းလွတ်ခွင့်ဖြင့် လာရောက်သည့် ခရီးသွားများမှာ ၁၂ ရာခိုင်နှုန်း၊ အခြားဗီဇာဖြင့် လာရောက်သူ ၁၀ ရာခိုင်နှုန်းနှင့် သံတမန်ဗီဇာ/ သံအဖွဲ့ဝင်ဗီဇာဖြင့် လာရောက်သူများမှာ ၅ ရာခိုင်နှုန်းဖြင့် အနည်းဆုံးဖြစ်သည်ကို တွေ့ရှိရပါသည်။ နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှုမှာ ၁၅ ရာခိုင်နှုန်း ရှိသည်ကို တွေ့ရှိရပါသည်။





*နမူနာဦးရေ-၆၆၄*

ပုံ (၄-၂-၃-၃) နယ်စပ်ဖြတ်ကျော်ပြည်ပခရီးသည်များ ကိုင်ဆောင်သည့် နယ်စပ်ဖြတ်သန်းခွင့်ကဒ်အမျိုးအစားအလိုက် မြန်မာနိုင်ငံသို့ ဝင်ရောက်မှုပမာဏ

စစ်တမ်းအရ နယ်စပ်မှဝင်ရောက်သူများတွင် နယ်စပ်ဖြတ်ကျော်ကဒ်ဖြင့် ဝင်ရောက်သူ ၅၆ ရာခိုင်နှုန်း၊ ယာယီနယ်စပ်ဖြတ်ကျော်ကဒ်ဖြင့်၃၃ရာခိုင်နှုန်းနှင့် ပြည်ဝင်ခွင့်ကဒ်ဖြင့် ဝင်ရောက်သူ ၁၁ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါသည်။


## ၄.၂.၄။ ပြည်ပခရီးသည်များ အလည်အပတ်ပြုရသည့် ရည်ရွယ်ချက်များ




*နမူနာဦးရေ-၂,၁၈၀*

ပုံ (၄-၂-၄-၁) ပြည်ပခရီးသည်များ အလည်အပတ်ပြုရသည့် ရည်ရွယ်ချက်များ

မြန်မာနိုင်ငံသို့ လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ဖြတ်ကျော် (ကုန်းကြောင်း) မှတစ်ဆင့် လာရောက်လည်ပတ်သည့် ခရီးသွားများ၏ ထက်ဝက်ကျော်ခန့် (၅၈ ရာခိုင်နှုန်းခန့်) မှာ အားလပ်ရက်အပန်းဖြေရန် လာရောက်ကြပြီး ဒုတိယအများဆုံး လာရောက်လည်ပတ်သည့် ရည်ရွယ်ချက်မှာ လုပ်ငန်းကိစ္စအတွက် ၂၁ ရာခိုင်နှုန်း၊ မိသားစု၊ သူငယ်ချင်းနှင့် မိတ်ဆွေများအား တွေ့ဆုံရန်မှာ ၁၅ ရာခိုင်နှုန်း၊ အစည်းအဝေး၊ နှီးနှောဖလှယ်ပွဲ၊ ပြပွဲများ တက်ရောက်ရန် လာရောက်မှုမှာ ၄ ရာခိုင်နှုန်း နှင့် တရားထိုင်ခြင်း၊ ဘုရားဖူးခြင်းကိစ္စရပ်များအတွက် ၂ ရာခိုင်နှုန်းနှင့် အခြားကိစ္စရပ်များအတွက် ၁ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါသည်။





*နမူနာဦးရေ-၂,၁၈၀*

ပုံ (၄-၂-၄-၂) ပြည်ပခရီးသည်များ နိုင်ငံသားအလိုက် အလည်အပတ်ပြုရသည့် ရည်ရွယ်ချက်များ

မြန်မာနိုင်ငံသို့ လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ဖြတ်ကျော် (ကုန်းကြောင်း) မှတစ်ဆင့် လာရောက်လည်ပတ်သည့် ခရီးသွားများအနက် ထိုင်းလူမျိုးများသည် ဘုရားဖူးခြင်းနှင့် တရားထိုင်ရန် ရည်ရွယ်ချက်အတွက် လာရောက်မှုမှာ ၄၆ ရာခိုင်နှုန်း၊ အားလပ်ရက်အပန်းဖြေရန် ၃၃ ရာခိုင်နှုန်းနှင့် စီးပွားရေးကိစ္စအတွက် ၂၆ ရာခိုင်နှုန်းဖြင့် လာရောက်ကြသည်ကို တွေ့ရှိရပါသည်။ ထို့နောက်တရုတ်လူမျိုးများသည် အစည်းအဝေးနှင့် နှီးနှောဖလှယ်ပွဲများနှင့်စပ်လျဉ်းသည့်

လုပ်ငန်းများ ဆောင်ရွက်ရန် လာရောက်မှုမှာ ၆၉ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ပြီး မိသားစု၊ သူငယ်ချင်းနှင့် မိတ်ဆွေများနှင့် တွေ့ဆုံရန် လာရောက်မှုမှာ ၅၈ ရာခိုင်နှုန်းဖြင့် ဒုတိယအများဆုံးဖြစ်ရာ ဘုရားဖူးရန်နှင့် တရားထိုင်ခြင်းစသည့် ဘာသာရေးကိစ္စအတွက် လာရောက်မှုမှာ ၃၀ ရာခိုင်နှုန်းဖြင့် တတိယအများဆုံးဖြစ်သည်ကို တွေ့ရှိရပါသည်။


### ၄.၂.၅။ ပြည်ပခရီးသည်အမျိုးအစားနှင့် ခရီးစဉ်စီစဉ်မှုပုံစံ




*နမူနာဦးရေ-၂,၁၈၀*

ပုံ (၄-၂-၅-၁) ပြည်ပခရီးသည်အမျိုးအစားအလိုက် လာရောက်မှုရာခိုင်နှုန်း

ပြည်ပခရီးသည်များအနက် တစ်ဦးချင်းစီလွတ်လပ်စွာ သွားလာသည့် ခရီးသည်အချိုးအစားမှာ ၇၉ ရာခိုင်နှုန်းရှိပြီး ခရီးသွားကုမ္ပဏီများ၏ အစီအစဉ်ဖြင့် လာရောက်မှုမှာ ၂၁ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါသည်။





*နမူနာဦးရေ-၂,၁၈၀*

ပုံ (၄-၂-၅-၂) ပြည်ပခရီးသည်များ ခရီးသွားလာမှုအစီအစဉ်


မြန်မာနိုင်ငံသို့ လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ဖြတ်ကျော် (ကုန်းကြောင်း) မှတစ်ဆင့် လာရောက်လည်ပတ်သည့် ပြည်ပခရီးသည်စုစုပေါင်း၏ ၆၉ ရာခိုင်နှုန်းခန့်သည် ကိုယ်ပိုင်အစီအစဉ်များဖြင့် လာရောက်ကြပြီး ၁၄ ရာခိုင်နှုန်းမှာ ခရီးသွားအေဂျင်စီအစီအစဉ်ဖြင့်၊ ၉ ရာခိုင်နှုန်းမှာ အလုပ်ရှင် သို့မဟုတ် ရုံးဌာန၏ အစီအစဉ်ဖြင့်၊ ၇ ရာခိုင်နှုန်းမှာ ခရီးသွားအော်ပရေတာများ၏အစီအစဉ်နှင့် အခြားအစီအစဉ်ဖြင့် လာရောက်သူများမှာ ၁ ရာခိုင်နှုန်း ရှိပါသည်။

## ၄.၂.၆။ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် အကြိမ်အရေအတွက်





*နမူနာဦးရေ-၂,၁၈၀*

ပုံ (၄-၂-၆-၁) မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် အကြိမ်အရေအတွက်အနေအထားနှင့် လာရောက်မှုပုံစံ




*နမူနာဦးရေ-၂,၁၈၀*

ပုံ (၄-၂-၆-၂) မြန်မာနိုင်ငံသို့ တစ်ကြိမ်ထက်မက လာရောက်ကြသူများ (အကြိမ်ကြိမ်) ၏ နောက်ဆုံးလာရောက်လည်ပတ်သည့်ခုနှစ်





*နမူနာဦးရေ-၂,၁၈၀*

ပုံ (၄-၂-၆-၃) မြန်မာနိုင်ငံသို့ လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ဖြတ်ကျော် (ကုန်းကြောင်း) မှတစ်ဆင့် လာရောက်လည်ပတ်သည့် အကြိမ်အရေအတွက်

မြန်မာနိုင်ငံသို့ လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ဖြတ်ကျော် (ကုန်းကြောင်း) မှတစ်ဆင့် လာရောက်လည်ပတ်သည့် ခရီးသည်များအနက် ၈-၁၀ ကြိမ်အထိ နယ်စပ်ဖြတ်ကျော် (ကုန်းကြောင်း) ဖြင့် လာရောက်လည်ပတ်သူများသည် ၅၇ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်သည်ကို တွေ့ရှိရပါသည်။ ဆက်လက်၍ ၂-၃ ကြိမ်နှင့် ၄-၅ ကြိမ် လေကြောင်းဖြင့် လာရောက်လည်ပတ်သူများနှင့် ၁၀ ကြိမ်နှင့်အထက် နယ်စပ်ဖြတ်ကျော် (ကုန်းကြောင်း) ဖြင့် လာရောက်လည်ပတ်သူများသည် ၅၆ ရာခိုင်နှုန်းဖြင့် ဒုတိယအများဆုံးဖြစ်သည်ကို တွေ့ရှိရပါသည်။ ၆-၇ ကြိမ် နယ်စပ်ဖြတ်ကျော် (ကုန်းကြောင်း) ဖြင့် လာရောက်လည်ပတ်သူများသည် ၅၄ ရာခိုင်နှုန်းဖြင့် တတိယအများဆုံးဖြစ်ပြီး ၁၀ ကြိမ်နှင့်အထက် ရေကြောင်းဖြင့် လာရောက်လည်ပတ်သူများသည် ၁ ရာခိုင်နှုန်းဖြင့် အနည်းဆုံးဖြစ်နေသည်ကို တွေ့ရှိရပါသည်။

## ၄.၂.၇။ ပြည်ပခရီးသည်များ တည်းခိုနေထိုင်သည့် တည်းခိုရိပ်သာအမျိုးအစားများ





*နမူနာဦးရေ-၂,၁၈၀*

ပုံ (၄-၂-၇) တည်းခိုနေထိုင်သည့် တည်းခိုရိပ်သာအမျိုးအစားများ

မြန်မာနိုင်ငံသို့ လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ဖြတ်ကျော် (ကုန်းကြောင်း) မှတစ်ဆင့် လာရောက်လည်ပတ်သည့် ခရီးသွားစုစုပေါင်း၏ ၆၄ ရာခိုင်နှုန်းသည် ဟိုတယ်နှင့် အလားတူ တည်းခိုနေရာများတွင် တည်းခိုခဲ့ကြပြီး ၆ ရာခိုင်နှုန်းသည် မိတ်ဆွေဆွေမျိုးများထံတွင် လည်းကောင်း၊ ၂ ရာခိုင်နှုန်းသည် အပန်းဖြေစခန်းများတွင်လည်းကောင်း၊ အခြားနေရာများ တွင် တည်းခိုမှုမှာ ၄ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါသည်။ ကျန် ၂၄ ရာခိုင်နှုန်းမှာ နေ့ချင်းပြန် ခရီးသည်များ ဖြစ်ကြပါသည်။

## ၄.၂.၈။ မြန်မာနိုင်ငံသို့ လာရောက်ရန် အချက်အလက်ရရှိနိုင်သည့် ရင်းမြစ်များ (အကြံရရှိမှု)





*နမူနာဦးရေ-၂,၂၁၄*

ပုံ (၄-၂-၈) မြန်မာနိုင်ငံသို့ လာရောက်ရန် အချက်အလက်ရရှိနိုင်သည့် ရင်းမြစ်များ (အကြံရရှိမှု)

မြန်မာနိုင်ငံသို့ လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ဖြတ်ကျော် (ကုန်းကြောင်း) မှတစ်ဆင့် လာရောက်လည်ပတ်သည့် ခရီးသွားစုစုပေါင်း၏ ထက်ဝက်ခန့် (၄၈ ရာခိုင်နှုန်း) သည် သူငယ်ချင်းဆွေမျိုးများထံမှ၊ ၂၇ ရာခိုင်နှုန်းသည် ခရီးသွားဝန်ဆောင်မှု အေဂျင်စီနှင့် လေကြောင်းလိုင်းများထံမှ၊ ၁၁ ရာခိုင်နှုန်းသည် လူမှုကွန်ယက်မီဒီယာများ၊ ၅ ရာခိုင်နှုန်းသည် စီးပွားရေးလုပ်ငန်းဆိုင်ရာမီဒီယာများ၊ ၄ ရာခိုင်နှုန်းသည် အစိုးရဝက်ဘ်ဆိုက်များ၊ အခြား အရင်းအမြစ်များထံမှ ၃ ရာခိုင်နှုန်းနှင့် ၂ ရာခိုင်နှုန်းမှာ ခရီးသွားပြပွဲများထံမှ အကြံဉာဏ် ရရှိခဲ့ကြသည်ကို တွေ့ရှိရပါသည်။


## ၄.၂.၉။ အတူလာရောက်သည့် ခရီးသွားအဖော်များ




*နမူနာဦးရေ-၂,၁၈၀*

ပုံ (၄-၂-၉-၁) အတူလာရောက်သည့်ခရီးသွားအဖော်များ

မြန်မာနိုင်ငံသို့ လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ဖြတ်ကျော် (ကုန်းကြောင်း) မှတစ်ဆင့် လာရောက်လည်ပတ်သည့် ခရီးသွားများအနက် စစ်တမ်းတွေ့ရှိချက်အရ တစ်ဦးတည်း ခရီးသွားပုံစံဖြင့် လာရောက်သည့် ခရီးသွားဦးရေသည် ၄၄ ရာခိုင်နှုန်းရှိပြီး သူငယ်ချင်းနှင့် လာရောက်မှု ၂၇ ရာခိုင်နှုန်း၊ အလုပ်ကိစ္စများအတွက် လုပ်ဖော်ကိုင်ဖက်များနှင့် လာရောက်မှု ၁၃ ရာခိုင်နှုန်း၊ ဇနီးခင်ပွန်းဖြင့် လာရောက်သူ ၈ ရာခိုင်နှုန်း၊ မိသားစု (ကလေးမပါ) ၅ ရာခိုင်နှုန်း၊ မိသားစု (ကလေးပါ) ၃ ရာခိုင်နှုန်းနှင့် အခြား ၁ ရာခိုင်နှုန်းရှိခဲ့သည်ကို တွေ့ရှိရပါသည်။





*နမူနာဦးရေ-၂,၁၈၀*

ပုံ (၄-၂-၉-၂) လေကြောင်း၊ ရေကြောင်း၊ ကုန်းကြောင်း (နယ်စပ်ဖြတ်ကျော်) အလိုက် အတူလာရောက်သည့် ခရီးသွားအဖော်အမျိုးအစားများ

စစ်တမ်းတွေ့ရှိချက်အရ မြန်မာနိုင်ငံသို့လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ဖြတ်ကျော် (ကုန်းကြောင်း) မှတစ်ဆင့် လာရောက်လည်ပတ်သည့် ခရီးသည်များအနက် ၈၃ ရာခိုင်နှုန်း (အများဆုံးဖြင့်) မှာ ကုန်းကြောင်းမှ တစ်ဦးတည်းလာရောက်လည်ပတ်တတ်ကြပြီး ၅၂ ရာခိုင်နှုန်းမှာ သူငယ်ချင်းများနှင့် လာရောက်လည်ပတ်တတ်သူများ ဖြစ်ကြပါသည်။ ထို့နောက် တတိယအများဆုံး ၅၀ ရာခိုင်နှုန်းမှာ ရေကြောင်းမှ တစ်ဦးတည်းလာရောက် လည်ပတ်တတ်သူများဖြစ်သည်ကို တွေ့ရှိရပါသည်။

### ၄.၂.၁၀။ ခရီးသွားများ၏ နေ့ချင်းပြန်နှင့် ညအိပ်အချိုးအစား





*နမူနာဦးရေ-၂,၁၈၀*

ပုံ (၄-၂-၁၀-၁) နိုင်ငံတကာခရီးသည်များ၏ နေ့ချင်းပြန်နှင့် ညအိပ်အချိုးအစား


၂၀၂၄ ခုနှစ် ကောက်ယူခဲ့သည့်စစ်တမ်းတွေ့ရှိချက်အရ မြန်မာနိုင်ငံသို့ လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ဖြတ်ကျော် (ကုန်းကြောင်း) မှတစ်ဆင့် လာရောက်လည်ပတ်သည့် ခရီးသည်များအနက် ညအိပ်ခရီးသည် ၇၆ ရာခိုင်နှုန်းရှိပြီး နေ့ချင်းပြန်ခရီးသည် ၂၄ ရာခိုင်နှုန်းရှိသည်ကို

တွေ့ရှိရပါသည်။ ပျမ်းမျှနေထိုင်ရက် ၇ ရက်ရှိပြီး စစ်တမ်းကောက်ယူစဉ်အတွင်း စုစုပေါင်း အသုံးစရိတ်အားဖြင့် အမေရိကန် ဒေါ်လာ ၁,၈၀၉,၆၈၁ ရှိသည်ကို တွေ့ရှိရပါသည်။




*နမူနာဦးရေ-၂,၁၈၀*


ပုံ (၄-၂-၁၀-၂) ညအိပ်နှင့် နေ့ချင်းပြန်လာရောက်လည်ပတ်ကြသည့် ခရီးသွားများ၏ အသုံးစရိတ်နှိုင်းယှဉ်ချက်များ




*နမူနာဦးရေ-၁,၀၉၁*

ပုံ (၄-၂-၁၀-၃) မြန်မာနိုင်ငံသို့ လေကြောင်းမှတစ်ဆင့် လာရောက်လည်ပတ်ကြသည့် ခရီးသွားများ ခရီးသွားဆိုင်ရာလှုပ်ရှားမှုများတွင် သုံးစွဲမှုအခြေအနေ


၂၀၂၄ ခုနှစ်တွင် ကောက်ယူခဲ့သည့် စစ်တမ်းတွေ့ရှိချက်အရ ပြည်ပခရီးသည်များ မြန်မာနိုင်ငံသို့ လေကြောင်းဖြင့် လာရောက်လည်ပတ်စဉ်အတွင်း သုံးစွဲခဲ့သည့် အသုံးစရိတ်များကို ဆန်းစစ်ကြည့်ရာတွင် အထက်ဖော်ပြပါ လှုပ်ရှားဆောင်ရွက်မှုကဏ္ဍ (၇) ခု၌ အမေရိကန်ဒေါ်လာ ၅၀၀၀ နှင့်အထက်ထိ ခွဲဝေသုံးစွဲကြခဲ့သည်ကို တွေ့ရှိရပါသည်။ အဆိုပါ ကဏ္ဍ (၇) ခုအနက်မှ ဘုရားဖူးခြင်း၊ ရှုခင်းများလှည့်ပတ်ကြည့်ရှုခြင်း (သို့) ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ပြတိုက်များသို့ သွားရောက်လည်ပတ်ခြင်း၊ ဒေသအစားအသောက်များကို မြည်း စမ်းစားသုံးခြင်းနှင့် လက်ဆောင်ပစ္စည်းများဝယ်ယူသည့်ကဏ္ဍများတွင် အမေရိကန်ဒေါ်လာ ၅၀၀ မှ ၉၉၉အကြား ခွဲဝေသုံးစွဲမှုအများဆုံး ပြုလုပ်ခဲ့ကြသည်ကို တွေ့ရှိရပြီး စီးပွားရေး ကဏ္ဍအတွက် အမေရိကန်ဒေါ်လာ ၁,၀၀၀ မှ ၁,၉၉၉ အကြား ခွဲဝေသုံးစွဲခဲ့ကြသည်ကို တွေ့ရှိရပါသည်။ ထို့နောက် ကဏ္ဍအသီးသီးတွင် အမေရိကန်ဒေါ်လာ ၁၀၀ မှ ၄၉၉ အကြား ခွဲဝေသုံးစွဲမှုမှာ တတိယခွဲဝေသုံးစွဲမှုအများဆုံး ဖြစ်သည်ကိုလည်း တွေ့ရှိရပါသည်။




*နမူနာဦးရေ-၄၁၂*

ပုံ (၄-၂-၁၀-၄) မြန်မာနိုင်ငံသို့ ရေကြောင်းမှတစ်ဆင့် လာရောက်လည်ပတ်ကြသည့် ခရီးသွားများ ခရီးသွားဆိုင်ရာ လှုပ်ရှားမှုများတွင် သုံးစွဲမှုအခြေအနေ


၂၀၂၄ ခုနှစ်တွင် ကောက်ယူခဲ့သည့် စစ်တမ်းတွေ့ရှိချက်အရ မြန်မာနိုင်ငံသို့ ရေကြောင်းဖြင့် လာရောက်လည်ပတ်စဉ်အတွင်း သုံးစွဲခဲ့သည့် အသုံးစရိတ်များကို ဆန်းစစ်ကြည့်ရာတွင် အထက်ဖော်ပြပါ လှုပ်ရှားဆောင်ရွက်မှုကဏ္ဍ (၇) ခု၌ အမေရိကန်ဒေါ်လာ ၅၀၀၀ နှင့် အထက်ထိ ခွဲဝေသုံးစွဲကြခဲ့သည်ကို တွေ့ရှိရပါသည်။ အဆိုပါကဏ္ဍ (၇) ခုအနက်မှ ရှုခင်းများ လှည့်ပတ်ကြည့်ရှုခြင်း (သို့) ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ပြတိုက်များသို့ သွားရောက်လည်ပတ်ခြင်း၊ လက်ဆောင်ပစ္စည်းများ ဝယ်ယူခြင်း၊ ပင်လယ်ပြင်၌ လှုပ်ရှား ဆောင်ရွက်မှုများ (ပင်လယ်ပြင်၌ ရေငုပ်ခြင်း)၊ ကနူးလှေလှော်ခြင်း၊ ဘုရားဖူးခြင်းနှင့် ဖျော်ဖြေရေးကဏ္ဍများတွင် အမေရိကန်ဒေါ်လာ ၉၉ အောက် ခွဲဝေသုံးစွဲခဲ့ကြသည်ကို တွေ့ရှိရပြီး ကျန်ကဏ္ဍအသီးသီးတွင် အမေရိကန်ဒေါ်လာ ၁၀၀ မှ ၄၉၉ အကြား ခွဲဝေသုံးစွဲကြသည်ကို တွေ့ရှိရပါသည်။




*နမူနာဦးရေ-၆၇၁*

ပုံ (၄-၂-၁၀-၅) မြန်မာနိုင်ငံသို့ ကုန်းကြောင်းမှတစ်ဆင့် လာရောက်လည်ပတ်ကြသည့် ခရီးသွားများ ခရီးသွားဆိုင်ရာ လှုပ်ရှားမှုများတွင် သုံးစွဲမှုအခြေအနေ


၂၀၂၄ ခုနှစ်တွင် ကောက်ယူခဲ့သည့် စစ်တမ်းတွေ့ရှိချက်အရ ခရီးသွားများ မြန်မာနိုင်ငံသို့ ကုန်းကြောင်းဖြင့် လာရောက်လည်ပတ်စဉ်အတွင်း သုံးစွဲခဲ့သည့် အသုံးစရိတ်များကို ဆန်းစစ်ကြည့်ရာတွင် အထက်ဖော်ပြပါ လှုပ်ရှားဆောင်ရွက်မှုကဏ္ဍ (၇) ခု၌ အမေရိကန်ဒေါ်လာ ၁,၀၀၀ နှင့် ၁,၉၉၉ ထိ ခွဲဝေသုံးစွဲခဲ့ကြသည်ကို တွေ့ရှိရပါသည်။ အဆိုပါကဏ္ဍ (၇) ခုအနက်မှ ဒေသအစားအသောက်များကို မြည်းစမ်းစားသုံးခြင်း၊ စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ခြင်း၊ ဘုရားဖူးခြင်း၊ ရှုခင်းများလှည့်ပတ်ကြည့်ရှုခြင်း (သို့) ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ပြတိုက်များသို့ လည်ပတ်ခြင်းတို့တွင် အမေရိကန်ဒေါ်လာ ၉၉ အောက် ခွဲဝေသုံးစွဲမှု အများဆုံးပြုလုပ်ခဲ့ကြသည်ကို တွေ့ရှိရပြီး အမေရိကန်ဒေါ်လာ ၁၀၀ မှ ၄၉၉ အကြား ခွဲဝေသုံးစွဲမှုမှာ အခြားကဏ္ဍတွင် အများဆုံးဖြစ်သည်ကို တွေ့ရှိရပါသည်။




*နမူနာဦးရေ-၂,၁၈၀*

ပုံ (၃-၂-၁၀-၆) မြန်မာနိုင်ငံတွင်း နေထိုင်သည့် အချိန်ကာလ


ပြည်ဝင်ခရီးသွားစစ်တမ်း-၂၀၂၄ အရ ၁ ရက်မှ ၂ ရက်အတွင်း နေထိုင်ကြသည်ဟု ဖြေဆိုသူများသည် သုံးပုံတစ်ပုံခန့် (၃၄ ရာခိုင်နှုန်း)၊ ၆ ရက်မှ ၁၀ ရက် အတွင်း နေထိုင်ကြ သူများမှာ ၂၄ ရာခိုင်နှုန်း၊ ၃ ရက်မှ ၅ ရက်အတွင်း နေထိုင်ကြသူများမှာ ၂၂ ရာခိုင်နှုန်း၊ ၁၁ ရက်မှ ၁၅ ရက်အတွင်း နေထိုင်ကြသူများမှာ ၉ ရာခိုင်နှုန်း၊ ၂၆ ရက်မှ ၃၀ ရက် အတွင်း နေထိုင်ကြသူများမှာ ၄ ရာခိုင်နှုန်း၊ ၁၆ ရက်မှ ၂၀ ရက်အတွင်း နေထိုင်ကြသူများမှာ ၃ ရာခိုင် နှုန်း၊ ၃၀ ရက်နှင့်အထက် နေထိုင်ကြသူများမှာ ၃ ရာခိုင်နှုန်းနှင့် ၂၁ ရက်မှ ၂၅ ရက်အတွင်း နေထိုင်ကြသူများမှာ ၁ ရာခိုင်နှုန်းရှိပါသည်။ ထို့အပြင် နေ့ချင်းပြန်လာရောက်ကြသူများသည် ၂၄ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါသည်။




*နမူနာဦးရေ-၂,၁၈၀*

ပုံ (၄-၂-၁၀-၇) သွားလာမှုပုံစံအမျိုးမျိုးဖြင့် လာရောက်သည့် ခရီးသွားများအနေဖြင့် မြန်မာနိုင်ငံအတွင်း နေထိုင်သည့် အချိန်ကာလ


ပြည်ဝင်ခရီးသွားစစ်တမ်း-၂၀၂၄ အရ ၆၃ ရာခိုင်နှုန်းသည် ကုန်းကြောင်းမှ လာရောက်ကြပြီး ၁ ရက်မှ ၂ ရက်အတွင်း နေထိုင်ကြပါသည်။ ၂၉ ရာခိုင်နှုန်းမှာ လေကြောင်းဖြင့် လာရောက်ကြပြီး ၃ ရက်မှ ၅ ရက်အတွင်း နေထိုင်ကြသူများ၊ ၂၈ ရာခိုင်နှုန်းမှာ လေကြောင်းဖြင့် လာရောက်ကြပြီး ၆ ရက်မှ ၁၀ ရက်အတွင်း နေထိုင်ကြသူများ နှင့် ၂၂ ရာခိုင်နှုန်းမှာ ရေကြောင်းဖြင့် လာရောက်ကြပြီး ၁ ရက်မှ ၂ ရက်အတွင်း နေထိုင်ကြသူများ ဖြစ်ကြပါသည်။ နေ့ချင်းပြန်ခရီးသွားများအနက် ရေကြောင်းမှ ၅၆ ရာခိုင်နှုန်း၊ ကုန်းကြောင်းဖြင့် လာရောက်သူများသည် ၁၉ ရာခိုင်နှုန်းနှင့် လေကြောင်းမှလာရောက်သူ ၁ ရာခိုင်နှုန်း ရှိပါသည်။




*နမူနာဦးရေ-၂,၁၈၀*

ပုံ (၄-၂-၁၀-၈) လာရောက်သည့် ရည်ရွယ်ချက်အရ မြန်မာနိုင်ငံအတွင်း နေထိုင်သည့် အချိန်ကာလ

## ၄.၂.၁၁။ မြန်မာနိုင်ငံအတွင်း လာရောက်သည့် နိုင်ငံတကာခရီးသည်များ အများဆုံး သွားရောက်သည့် အဓိကခရီးစဉ်ဒေသများ




*နမူနာဦးရေ-၂,၁၈၇*

ပုံ (၄-၂-၁၁-၁) မြန်မာနိုင်ငံအတွင်း လေကြောင်းဖြင့် လာရောက်သည့် ခရီးသွားများ အများဆုံးသွားရောက်သည့် အဓိကခရီးစဉ်ဒေသများ


ပြည်ဝင်ခရီးသွားစစ်တမ်း-၂၀၂၄ အရ လေကြောင်းမှတစ်ဆင့် ဝင်ရောက်သည့် ခရီးသည် စုစုပေါင်း၏ ထက်ဝက်နီးပါး ၄၀ ရာခိုင်နှုန်းမှာ ရန်ကုန်မြို့၊ မန္တလေးမြို့တွင် ၁၈ ရာခိုင်နှုန်း၊ မြန်မာ့ယဉ်ကျေးမှုနယ်မြေဖြစ်သည့် ပုဂံမြို့တွင် ၁၂ ရာခိုင်နှုန်း၊ အင်းလေးကန်နှင့် နေပြည်တော်သို့လည်းပတ်သူ ၅ ရာခိုင်နှုန်းနှင့် ၄ ရာခိုင်နှုန်းစီအသီးသီး၊ ငွေဆောင်ကမ်းခြေ၊ ကျိုက်ထီးရိုး ဘုရားနှင့် ကလောတွင် ၃ ရာခိုင်နှုန်းစီနှင့် ပြင်ဦးလွင်၊ ပဲခူးနှင့် ချောင်းသာတို့တွင် ၂ ရာခိုင်နှုန်းစီ အသီးသီးရှိသည်ကို တွေ့ရှိရပါသည်။




*နမူနာဦးရေ-၄၂၂*

ပုံ (၄-၂-၁၁-၂) မြန်မာနိုင်ငံသို့ ရေကြောင်းဖြင့် လာရောက်သည့် နိုင်ငံတကာ ခရီးသည်များ အများဆုံးသွားရောက်သည့် အဓိကခရီးစဉ်ဒေသများ

ပြည်ဝင်ခရီးသွားစစ်တမ်း-၂၀၂၄ အရ ရေကြောင်းမှတစ်ဆင့် ဝင်ရောက်သည့် ခရီးသွား စုစုပေါင်း၏ ၉၅ ရာခိုင်နှုန်းမှာ ကော့သောင်းမြို့၌ လည်ပတ်ရသည်ကို ကြိုက်နှစ်သက်ကြပြီး ၂ ရာခိုင်နှုန်းမှာ မြိတ်ကျွန်းစု၌ လည်ပတ်ကြသူများဖြစ်ပါသည်။





*နမူနာဦးရေ-၆၈၄*

ပုံ (၄-၂-၁၁-၃) မြန်မာနိုင်ငံသို့ ကုန်းကြောင်းဖြင့် လာရောက်သည့် နိုင်ငံတကာ ခရီးသည်များ အများဆုံးသွားရောက်သည့် အဓိကခရီးစဉ်ဒေသများ

ပြည်ဝင်ခရီးသွားစစ်တမ်း-၂၀၂၄ အရ ကုန်းကြောင်းမှတစ်ဆင့် ဝင်ရောက်သည့် ခရီးသွား စုစုပေါင်း၏ ထက်ဝက်နီးပါး (၄၉ ရာခိုင်နှုန်း)မှာ တာချီလိတ်မြို့သို့ အများဆုံးသွားရောက် လည်ပတ်ကြပြီး ဒုတိယအနေဖြင့် ၄၀ ရာခိုင်နှုန်းဖြင့် မူဆယ်မြို့၊ ၃ ရာခိုင်နှုန်းဖြင့် ကော့သောင်းမြို့၊ ၂ ရာခိုင်နှုန်းဖြင့် ကျိုင်းတုံမြို့၊ ၁ ရာခိုင်နှုန်းဖြင့် ရန်ကုန်မြို့၊ မန္တလေးမြို့၊ လားရှိုးမြို့နှင့် ပုဂံမြို့တို့ဖြစ်ပါသည်။

## ၄.၂.၁၂။ ခရီးသွားများ မြန်မာနိုင်ငံအတွင်း အသုံးပြုသည့် သယ်ယူပို့ဆောင်ရေးယာဉ် အမျိုးအစားများ





*နမူနာဦးရေ-၅,၂၄၂*

ပုံ (၄-၂-၁၂) ခရီးသွားများ မြန်မာနိုင်ငံအတွင်း အများဆုံးအသုံးပြုသည့် သယ်ယူပို့ဆောင်ရေးယာဉ်အမျိုးအစားများ

ခရီးသွားများသည် မြန်မာနိုင်ငံအတွင်း တက္ကစီအသုံးပြုမှု ၂၉ ရာခိုင်နှုန်း၊ ကိုယ်ပိုင်ယာဉ်ငှားရမ်းအသုံးပြုမှု ၂၄ ရာခိုင်နှုန်း၊ ပြည်တွင်းလေကြောင်းလိုင်းများအသုံးပြုမှု ၁၇ ရာခိုင်နှုန်း၊ စက်လှေအသုံးပြုမှု ၁၁ ရာခိုင်နှုန်း၊ အများသုံးယာဉ်အသုံးပြုမှု ၇ ရာခိုင်နှုန်း အသီးသီးရှိသည်ကို တွေ့ရှိရပါသည်။


## ၄.၂.၁၃။ မြန်မာနိုင်ငံတွင်း၌ နေထိုင်စဉ် ခရီးသွားများ လုပ်ဆောင်သည့်ခရီးသွားလုပ်ငန်းဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများ




*နမူနာဦးရေ-၂၆၀၅*

ပုံ (၄-၂-၁၃-၁) မြန်မာနိုင်ငံတွင်း၌ နေထိုင်စဉ် လေကြောင်းဖြင့် ဝင်ရောက်သည့် ခရီးသွားများ လုပ်ဆောင်သည့် ခရီးသွားလာမှုဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများ


လေကြောင်းမှလာရောက်သည့် ခရီးသွားများအနက် ဘုရားဖူးခြင်း၊ ဘာသာရေးနှင့် ဆက်နွယ်သည့် ကိစ္စရပ်များဆောင်ရွက်ရန်နှင့် ယဉ်ကျေးမှုနှင့် ရှေးဟောင်းသမိုင်းဝင်နေရာ များသို့ သွားလာလည်ပတ်ခြင်းတွင် ၁၈ ရာခိုင်နှုန်းစီ၊ ၁၅ ရာခိုင်နှုန်းသည် စီးပွားရေးကိစ္စများ ဆောင်ရွက်ခြင်း၊ ၁၂ ရာခိုင်နှုန်းသည် ဒေသအစားအစာများ မြည်းစမ်းခြင်း၊ ဈေးဝယ်ခြင်း အတွက် ၉ ရာခိုင်နှုန်း ၊ အစည်းအဝေး၊ နှီးနှောဖလှယ်ပွဲနှင့် ပြပွဲများအတွက် လာရောက်ခြင်းနှင့် ပင်လယ်ကမ်းခြေရေကူးခြင်းအတွက် ၄ ရာခိုင်နှုန်းစီ၊ လှေစီးခြင်း၊ ကနူး လှေလှော်ခြင်း အတွက် ၃ ရာခိုင်နှုန်း၊ ညတွင်ပြင်ပ၌ လည်ပတ်ခြင်း၊ အပန်းဖြေခြင်း၊ ယဉ်ကျေးမှုနှင့် ပွဲလမ်းများတွင် ပါဝင်ဆင်နွှဲခြင်း၊ အပန်းဖြေစခန်းများတွင် အနားယူခြင်း၊ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဖြစ်သည့် ပုဂံဒေသတွင် မိုးပျံပူဖောင်းကြည့်ရှုခံစားခြင်းနှင့် စက်ဘီးစီးခြင်းများအတွက် လာရောက်သူများမှာ ၂ ရာခိုင်နှုန်းစီရှိပြီး တောင်တက်ခရီးစဉ်များ ဆောင်ရွက်ခြင်း၊ ပင်လယ်နှင့်ပတ်သက်သည့်လှုပ်ရှားမှုများဆောင်ရွက်ခြင်းနှင့် အားကစားပွဲများပါဝင်ဆင်နွှဲခြင်းအတွက် ၁ ရာခိုင်နှုန်းစီ ရှိသည်ကို တွေ့ရှိရပါသည်။




နမူနာဦးရေ-၆၃၂

ပုံ (၄-၂-၁၃-၂) မြန်မာနိုင်ငံတွင်း၌ နေထိုင်စဉ် ရေကြောင်းဖြင့် လာရောက်သည့် ခရီးသွားများလုပ်ဆောင်သည့် ခရီးသွားလာမှုဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများ

ရေကြောင်းမှလာရောက်သည့် ခရီးသွားများအနက် ယဉ်ကျေးမှုနှင့် ရှေးဟောင်းသမိုင်းဝင် နေရာများသို့ သွားလာလည်ပတ်ခြင်းအတွက် လာရောက်သူများမှာ ၂၂ ရာခိုင်နှုန်း၊ စျေးဝယ်ခြင်းအတွက် ၂၀ ရာခိုင်နှုန်း၊ ပင်လယ်နှင့်ပတ်သက်သည့် လှုပ်ရှားမှုများဆောင်ရွက်ခြင်းအတွက် ၁၆ ရာခိုင်နှုန်း၊ လှေစီးခြင်း၊ ကနူးလှေလှော်ခြင်းအတွက် ၁၅ ရာခိုင်နှုန်း၊ ဘုရားဖူးခြင်း၊ ဘာသာရေးနှင့် ဆက်နွယ်သည့်ကိစ္စရပ်များ ဆောင်ရွက်ခြင်းအတွက် ၁၂ ရာခိုင်နှုန်း၊ ပင်လယ်ကမ်းခြေရေကူးခြင်းအတွက် ၆ ရာခိုင်နှုန်း၊ ဖျော်ဖြေပွဲများကြည့်ရှုခြင်းအတွက် ၃ ရာခိုင်နှုန်း၊ စီးပွားရေးကိစ္စများဆောင်ရွက်ခြင်း၊ ဒေသအစားအစာများ မြည်းစမ်းခြင်း၊ တောင်တက်ခရီးစဉ်များ ဆောင်ရွက်ခြင်းနှင့် ညတွင်ပြင်ပ၌ လည်ပတ်ခြင်းများအတွက် ၁ ရာခိုင်နှုန်းစီရှိသည်ကို တွေ့ရှိရပါသည်။




*နမူနာဦးရေ-၈၄၅*

ပုံ (၄-၂-၁၃-၃) မြန်မာနိုင်ငံတွင်း၌ နေထိုင်စဉ် နယ်စပ်ဖြတ်ကျော် ခရီးသွားများ လုပ်ဆောင်သည့် ခရီးသွားလာမှုဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများ

နယ်စပ်မှလာရောက်သည့် ခရီးသွားများအနက် ဒေသအစားအစာများ မြည်းစမ်းခြင်း အတွက် ၂၃ ရာခိုင်နှုန်း၊ စီးပွားရေး ကိစ္စများဆောင်ရွက်ခြင်းအတွက် ၁၅ ရာခိုင်နှုန်း၊ ဘုရားဖူးခြင်း၊ ဘာသာရေးနှင့် ဆက်နွယ်သည့် ကိစ္စရပ်များဆောင်ရွက်ခြင်းနှင့် အခြားကိစ္စရပ်များအတွက် ၁၄ ရာခိုင်နှုန်းစီ၊ဖျော်ဖြေပွဲများကြည့်ရှုခြင်းအတွက် ၇ ရာခိုင်နှုန်း၊ ဈေးဝယ်ခြင်းအတွက် ၆ ရာခိုင်နှုန်း ၊ ယဉ်ကျေးမှုနှင့် ရှေးဟောင်းသမိုင်းဝင်နေရာများကို သွားလာလည်ပတ်ခြင်းတွင် ၅ ရာခိုင်နှုန်း၊ ညတွင်ပြင်ပ၌ လည်ပတ်ခြင်းအတွက် ၄ ရာခိုင်နှုန်း၊ စက်ဘီးစီးခြင်း၊ အစည်းအဝေး၊ နှီးနှောဖလှယ်ပွဲနှင့် ပြပွဲများအတွက် လာရောက်ခြင်း၊ ပင်လယ်နှင့်ပတ်သက်သည့် လှုပ်ရှားမှုများဆောင်ရွက်ခြင်းနှင့်ယဉ်ကျေးမှုနှင့် ပွဲလမ်းများတွင် ပါဝင်ဆင်နွှဲခြင်းများအတွက် ၂ ရာခိုင်နှုန်းစီ၊ အပန်းဖြေစခန်းများတွင် အနားယူခြင်း၊ ပင်လယ် ကမ်းခြေရေကူးခြင်းနှင့် တောင်တက်ခရီးစဉ်များ ဆောင်ရွက်ခြင်းများအတွက် ၁ ရာခိုင်နှုန်းစီရှိသည်ကို တွေ့ရှိရပါသည်။

## ၄.၂.၁၄။ ခရီးသွားတစ်ဦး၏ လေကြောင်း၊ ရေကြောင်းနှင့် ကုန်းကြောင်း (နယ်စပ်) အလိုက် တစ်နေ့တာပျမ်းမျှအသုံးစရိတ်

Average expenditure
Per visitor per day is
"USD 127"



USD 351



USD 112



USD 81




Composition of Average Expenditure per visitor per day

| Mode of Transport | Average Length of Stay | Average Expenditure per person ($) | Average Expenditure per day per person ($) |
|---|---|---|---|
| **By Air** | 12 | 1,329 | 112 |
| **By Sea** | 2 | 616 | 351 |
| **By Land** | 2 | 151 | 81 |
| **Total** | **7** | **$ 830** | **$ 127** |

လေကြောင်းမှဝင်ရောက်သူများ၏ ပျမ်းမျှနေထိုင်ရက် ၁၂ ရက်နှင့် လူတစ်ဦး၏ တစ်ရက် ပျမ်းမျှအသုံးစရိတ် အမေရိကန်ဒေါ်လာ ၁၁၂၊ ရေကြောင်းမှဝင်ရောက်သူများ၏ ပျမ်းမျှ နေထိုင်ရက် ၂ ရက်နှင့် လူတစ်ဦး၏တစ်ရက်ပျမ်းမျှအသုံးစရိတ် အမေရိကန်ဒေါ်လာ ၃၅၁၊ ကုန်းကြောင်းမှ ဝင်ရောက်သူများ ၏ ပျမ်းမျှနေထိုင်ရက် ၂ ရက် နှင့် လူတစ်ဦး၏ တစ်ရက် ပျမ်းမျှအသုံးစရိတ် အမေရိကန်ဒေါ်လာ ၈၁ အသီးသီးရှိသည်ကိုတွေ့ရှိရပါသည်။

## ၄.၂.၁၅။ နိုင်ငံတကာခရီးသည်များ မြန်မာနိုင်ငံတွင်း၌ နေထိုင်စဉ် စိတ်ကျေနပ်မှုအဆင့် သတ်မှတ်ချက်များ





*နမူနာဦးရေ-၂,၁၈၀*

ပုံ (၄-၂-၁၅) နိုင်ငံတကာခရီးသည်များ မြန်မာနိုင်ငံတွင်း၌ နေထိုင်စဉ် စိတ်ကျေနပ်မှု အဆင့်သတ်မှတ်ချက်များ

မြန်မာနိုင်ငံသို့ လေကြောင်း၊ရေကြောင်းနှင့် နယ်စပ်ဖြတ်ကျော် (ကုန်းကြောင်း) မှတစ်ဆင့် လာရောက် လည်ပတ်သည့် ခရီးသွားများကို မေးမြန်းထားသည့် အကြောင်းအရာ (၈) ခုဖြစ်သည့် (က) ခရီးသွားများ၏ လုံခြုံစိတ်ချရမှု၊ (ခ) မြန်မာလူမျိုးများ၏ ယဉ်ကျေးပျူငှာမှု၊ (ဂ) အစားအသောက်များကို ကြိုက်နှစ်သက်မှု ၊ (ဃ) ပုဂ္ဂလိကခရီးသွားဝန်ဆောင်မှုပြုသူများ၊ (င) ပြည်တွင်းသယ်ယူပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းများ၊ (စ) ဟိုတယ်များရှိ ဝန်ထမ်းများ၏ ဝန်ဆောင်မှုအရည်အသွေး၊ (ဆ) နေရာထိုင်ခင်း၊ (ဇ) လေဆိပ်ဝန်ဆောင်မှု လုပ်ငန်းများ စသည့် မေးမြန်းထားသည့် မေးခွန်းများအပေါ်တွင် နေထိုင်မှု အဆင့်သတ်မှတ်ချက်အဆင့် ၆ ခုဖြင့် မေးမြန်းခဲ့ရာ "အလွန်ကောင်းမွန်သည်" ဟုဖြေဆိုထားသူများသည် အများဆုံးဖြစ်ပြီး "အလွန်ညံ့" ဟုဖြေဆိုထားသူများသည် အနည်းဆုံးဖြစ်သည်ကို တွေ့ရှိရပါသည်။


## ၄.၂.၁၆။ မြန်မာနိုင်ငံတွင်း၌ နေထိုင်မှုအပေါ် ပျမ်းမျှစိတ်ကျေနပ်မှုအဆင့်သတ်မှတ်ချက်နှင့် ငွေကြေးသုံးစွဲမှုပျမ်းမျှအဆင့်သတ်မှတ်ချက်




*နမူနာဦးရေ-၂,၁၈၀*

ပုံ (၄-၂-၁၆-၁) မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်စဉ်အတွင်း ခရီးစဉ်တစ်ခုလုံး အပေါ် စိတ်ကျေနပ်မှုအနေအထား

မြန်မာနိုင်ငံသို့ လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ဖြတ်ကျော် (ကုန်းကြောင်း) မှတစ်ဆင့် လာရောက်လည်ပတ်သည့် ခရီးသွားများ၏ မြန်မာနိုင်ငံတွင်း၌ နေထိုင်စဉ် ခရီးစဉ်တစ်ခုလုံး အပေါ် စိတ်ကျေနပ်မှုအဆင့်နှင့်ပတ်သက်၍ ပြည်ဝင်ခရီးသည်များသည် “စိတ်ကျေနပ်မှုရှိသည်” ဟု ဖြေဆိုထားသည်မှာ ၅၂ ရာခိုင်နှုန်းဖြင့် အများဆုံး၊ “အလွန်စိတ်ကျေနပ်မှုရှိသည်” ဟုဖြေဆိုထားသည်မှာ ၂၃ ရာခိုင်နှုန်းဖြင့် ဒုတိယအများဆုံး၊ “သာမန်စိတ်ကျေနပ်မှုရှိသည်” ဟု ဖြေဆိုထားသည်မှာ ၂၁ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ “စိတ်ကျေနပ်မှုမရှိ”ဟု ဖြေဆိုထားသည်မှာ ၃ ရာခိုင်နှုန်းနှင့် “အလွန်စိတ်ကျေနပ်မှုမရှိ” ဟုဖြေဆိုထားသည်မှာ ၁ ရာခိုင်နှုန်းဖြင့် အနည်းဆုံးဖြစ်ပါသည်။





*နမူနာဦးရေ-၂,၁၈၀*

ပုံ (၄-၂-၁၆-၂) မြန်မာနိုင်ငံတွင်း၌ နေထိုင်မှုအပေါ် ငွေကြေးသုံးစွဲအပေါ်ပြန်လည်ရရှိခဲ့သည့် စိတ်ကျေနပ်မှုအနေအထား

မြန်မာနိုင်ငံသို့ လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ဖြတ်ကျော် (ကုန်းကြောင်း) မှတစ်ဆင့် လာရောက်လည်ပတ်သည့် ခရီးသွားများကို ၎င်းတို့သုံးစွဲကုန်ကျခဲ့ရသည့် ငွေကြေးအပေါ် ပြန်လည်ရရှိသည့် စိတ်ကျေနပ်မှုအနေအထားများကို မေးမြန်းထားရာ "စိတ်ကျေနပ်မှုရှိသည်" ဟုဖြေဆိုထားသည်မှာ ၅၀ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ပြီး "သာမန်အဆင့်စိတ်ကျေနပ်မှုရှိသည်" ဟုဖြေဆိုသူ ၂၄ ရာခိုင်နှုန်း၊ "အလွန်စိတ်ကျေနပ်မှုရှိသည်" ဟု ဖြေဆိုသူ ၂၃ ရာခိုင်နှုန်းနှင့် "စိတ်ကျေနပ်မှုမရှိပါ" ဟု ဖြေဆိုထားသည်မှာ ၂ ရာခိုင်နှုန်းဖြင့် အနည်းဆုံးရှိသည်ကို တွေ့ရှိရပါသည်။

## ၄.၂.၁၇။ မြန်မာနိုင်ငံသို့ လာမည့် ၃ နှစ်အတွင်း အားလပ်ရက်ခရီးစဉ်အနေဖြင့် လာရောက်နိုင်မှု





*နမူနာဦးရေ-၂,၁၈၀*

ပုံ (၄-၂-၁၇) မြန်မာနိုင်ငံသို့ လာမည့် ၃ နှစ်အတွင်း အားလပ်ရက်ခရီးစဉ်အနေဖြင့် လာရောက်နိုင်မှု

မြန်မာနိုင်ငံသို့ လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ဖြတ်ကျော် (ကုန်းကြောင်း) မှတစ်ဆင့် လာရောက် လည်ပတ်သည့် ခရီးသွားများကို မြန်မာနိုင်ငံသို့ လာမည့် ၃ နှစ်အတွင်း “လာရောက်လည်ပတ်နိုင်ချေရှိသည်” ဟုဖြေဆိုထားသည်မှာ ၄၇ ရာခိုင်နှုန်းဖြင့် အများဆုံး ဖြစ်ပြီး “လာရောက်လည်ပတ်နိုင်ချေများသည်” ဟု ဖြေဆိုထားသည်မှာ ၄၁ ရာခိုင်နှုန်း၊ “လာရောက်လည်ပတ်နိုင်ချေမရှိ” ဟုဖြေဆိုထားသည်မှာ ၈ ရာခိုင်နှုန်း၊ “လုံးဝလာရောက် နိုင်ချေမရှိ” ဟု ဖြေဆိုထားသည်မှာ ၂ ရာခိုင်နှုန်းနှင့် “မသေချာ”ဟု ဖြေဆိုထားသည်မှာ ၂ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါသည်။

## ၄.၂.၁၈။ ခရီးသွားလုပ်ငန်းဝန်ဆောင်မှုအဆင့်မြှင့်တင်နိုင်ရန် အကြံပြုချက်များ (လေကြောင်း၊ ရေကြောင်း၊ ကုန်းကြောင်း (နယ်စပ်) ဖြင့် လာရောက်သည့် ပြည်ပခရီးသည်များ)




*နမူနာဦးရေ-၁၃၈*

ပုံ (၄-၂-၁၈) လေကြောင်း၊ ရေကြောင်းနှင့် ကုန်းကြောင်းဖြင့် လာရောက်သည့် ခရီးသွားများ၏ အကြံပြုချက်များ

ခရီးသွားများ၏ ၄၇ ရာခိုင်နှုန်းသည် အင်တာနက်လိုင်းများပိုမိုကောင်းမွန်စေရန်၊ ၁၉ ရာခိုင်နှုန်းသည် ပြည်တွင်းလမ်းပန်းဆက်သွယ်ရေးများ ပိုမိုကောင်းမွန်စေရန်၊ ၉ ရာခိုင်နှုန်းသည် ခရီးသွားများ လုံခြုံစိတ်ချစွာသွားလာနိုင်စေရန်၊ ၇ ရာခိုင်နှုန်းသည် အခြေခံအဆောက်အဦများ မြှင့်တင်ခြင်းနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုများကို လူမှုကွန်ယက် စာမျက်နှာများတွင် ကြော်ငြာရန်၊ ၊ ၂ ရာခိုင်နှုန်းသည် လျှပ်စစ်မီးလုံလောက်စွာရရှိစေရန်၊ သန့်ရှင်းသပ်ရပ်မှုရှိရန်၊ ငွေကြေးလဲလှယ်နှုန်းများ တည်ငြိမ်မှုရှိစေရန်နှင့် ဘာသာစကားကျွမ်းကျင်မှုများ မြှင့်တင်ရန်၊ ၁ ရာခိုင်နှုန်းမှာ လေယာဉ်လက်မှတ်ခများလျှော့ချရန်နှင့် တည်းခိုနေထိုင်စရိတ်နှုန်းထားများ လျှော့ချရန်တို့ကို အကြံပြုခဲ့ပါသည်။

## ပြည်ဝင်ခရီးသွားစစ်တမ်းဆောင်ရွက်ခဲ့သည့် ၂၀၂၂ ခုနှစ်မှ ၂၀၂၄ခုနှစ် အထိ တွေ့ရှိချက်များအား နှိုင်းယှဉ်မှု

### ဇယား (၁-၁) ပြည်ပခရီးသည်များ ကမ္ဘာ့တိုက်ကြီးများအလိုက် ဝင်ရောက်မှု

| ကမ္ဘာ့တိုက်ကြီးများအလိုက် ဝင်ရောက်မှု | ၂၀၂၄ ခုနှစ် | ၂၀၂၃ ခုနှစ် | ၂၀၂၂ ခုနှစ် |
|---|---|---|---|
| အာရှတိုက် | ၇၂% | ၇၇% | ၉၂% |
| ဥရောပတိုက် | ၂၂% | ၁၁% | ၅% |
| အမေရိကတိုက် | ၄% | ၁၁% | ၂% |
| အာဖရိကတိုက် | ‌ခံ | ၁% | ၁% |
| အရှေ့အလယ်ပိုင်းဒေသ | ၁% | ခံ | ခံ |
| ပင်လယ်တွင်းနိုင်ငံများ | ၁% | ခံ | ခံ |

### ဇယား (၁-၂) ပြည်ပခရီးသည်များ လူမျိုးများအလိုက် ဝင်ရောက်မှု

| လူမျိုးများအလိုက် ဝင်ရောက်မှု | ၂၀၂၄ ခုနှစ် | ၂၀၂၃ ခုနှစ် | ၂၀၂၂ ခုနှစ် |
|---|---|---|---|
| ထိုင်း | ၃၀% | ၄၁% | ၅၂% |
| တရုတ် | ၂၆% | ၂၆% | ၁၀% |
| အိန္ဒိယ | ၄% | ၃% | ၆% |
| ဂျပန် | ၂% | ၂% | ၅% |
| မလေးရှား | ခံ | ခံ | ၄% |
| စင်ကာပူ | ခံ | ခံ | ၂% |
| ဗီယက်နမ် | ခံ | ခံ | ၂% |
| ကိုရီးယား | ၂% | ခံ | ၂% |
| အမေရိကန် | ၃% | ၄% | ၂% |
| သီရိလင်္ကာ | ခံ | ၂% | ၁% |
| ဗြိတိန် | ၃% | ၄% | ခံ |
| ရုရှား | ၇% | ၃% | ခံ |
| ဂျာမန် | ၂% | ၂% | ခံ |
| ပြင်သစ် | ၃% | ခံ | ခံ |
| အခြား | ၁၈% | ၁၁% | ၁၁% |

### ဇယား (၁-၃) ပြည်ပခရီးသည်များ ကျား/ မ အလိုက် ဝင်ရောက်မှု

| ကျား/မ | ၂၀၂၄ ခုနှစ် | ၂၀၂၃ ခုနှစ် | ၂၀၂၂ ခုနှစ် |
|---|---|---|---|
| ကျား | ၆၆% | ၅၅% | ၇၅% |
| မ | ၃၄% | ၄၅% | ၂၅% |

### ဇယား (၁-၄) ပြည်ပခရီးသည်များ အသက်အုပ်စုအလိုက် ဝင်ရောက်မှု

| အသက်အုပ်စု | ၂၀၂၄ ခုနှစ် | ၂၀၂၃ ခုနှစ် | ၂၀၂၂ ခုနှစ် |
|---|---|---|---|
| အသက် ၀-၁၉ နှစ်ကြား | ၂% | ၁% | ၁% |
| အသက် ၂၀-၂၉ နှစ်ကြား | ၂၀% | ၁၅% | ၁၉% |
| အသက် ၃၀-၃၉ နှစ်ကြား | ၃၂% | ၃၅% | ၃၄% |
| အသက် ၄၀-၄၉ နှစ်ကြား | ၂၅% | ၂၃% | ၂၆% |
| အသက် ၅၀-၅၉ နှစ်ကြား | ၁၃% | ၁၆% | ၁၄% |
| အသက် ၆၀ နှစ်နှင့်အထက် | ၇% | ၁၀% | ၆% |

### ဇယား (၁-၅) ပြည်ပခရီးသည်များ ဝင်/ထွက်ပေါက်အမျိုးအစားအလိုက် ဝင်ရောက်မှု

| ဝင်/ ထွက်ပေါက် အမျိုးအစားများ | ၂၀၂၄ ခုနှစ် | ၂၀၂၃ ခုနှစ် | ၂၀၂၂ ခုနှစ် |
|---|---|---|---|
| လေကြောင်း | ၅၀% | ၅၆% | ၆၄% |
| ကုန်းကြောင်း | ၃၁% | ၂၃% | ၃၆% |
| ရေကြောင်း | ၁၉% | ၂၁% | å |

### ဇယား (၁-၆) ပြည်ပခရီးသည်များ ဗီဇာအမျိုးအစားအလိုက် ဝင်ရောက်မှု

| ဗီဇာအမျိုးအစားများ | ၂၀၂၄ ခုနှစ် | ၂၀၂၃ ခုနှစ် | ၂၀၂၂ ခုနှစ် |
|---|---|---|---|
| ကမ္ဘာလှည့်ဗီဇာ | ၄၂% | ၆၀% | ၂၂% |
| စီးပွားရေးဗီဇာ | ၁၆% | ၂၅% | ၅၄% |
| ဗီဇာကင်းလွတ်ခွင့် | ၁၂% | ၁၃% | ၂၀% |
| အစိုးရဗီဇာ | ၅% | ၂% | ၅% |
| နယ်စပ်ဖြတ်ကျော်ဗီဇာ | ၁၅% | å | å |
| အခြား | ၁၀% | å | å |

ဇယား (၁-၇) ပြည်ပခရီးသည်များ အလည်အပတ်ပြုရသည့် ရည်ရွယ်ချက်

| အလည်အပတ်ပြုရသည့်ရည်ရွယ်ချက် | ၂၀၂၄ ခုနှစ် | ၂၀၂၃ ခုနှစ် | ၂၀၂၂ ခုနှစ် |
|---|---|---|---|
| စီးပွားရေးကိစ္စဆောင်ရွက်ရန် | ၂၁% | ၁၆% | ၅၆% |
| အားလပ်ရက်အပန်းဖြေရန် | ၅၈% | ၆၆% | ၃၁% |
| တရားထိုင်၊ ဘုရားဖူးရန် | ၂% | ၅% | ၂% |
| အစည်း အဝေး၊ နှီးနှောဖလှယ်ပွဲ၊ ပြပွဲများတက်ရောက်ရန် | ၄% | ၃% | ၃% |
| မိသားစု၊ သူငယ်ချင်းနှင့် မိတ်ဆွေများအား တွေ့ဆုံရန် | ၁၅% | ၁၀% | ၇% |
| အခြား | ၁% | ‌ဝ | ၁% |

ဇယား (၁-၈) နိုင်ငံတကာခရီးသွားအမျိုးအစားနှင့် ခရီးစဉ်စီစဉ်မှုပုံစံ

| ခရီးစဉ်အမျိုးအစားနှင့် ခရီးသွားလာရန်စီစဉ်မှု | ၂၀၂၄ ခုနှစ် | ၂၀၂၃ ခုနှစ် | ၂၀၂၂ ခုနှစ် |
|---|---|---|---|
| FIT | ၇၉% | ၅၄% | ၉၃% |
| Package Tour | ၂၁% | ၄၆% | ၇% |
| **ခရီးသွားလာရန်စီစဉ်မှု** | | | |
| မိမိဘာသာ | ၆၉% | ၅၈% | ၇၂% |
| ရုံး/ အလုပ်ရှင် | ၉% | ၄% | ၁၈% |
| ခရီးသွားအေးဂျင့် | ၁၄% | ၂၁% | ၇% |
| ခရီးသွားအော်ပရေတာ | ၇% | ၁၇% | ၃% |

ဇယား (၁-၉) ပြည်ပခရီးသည်များ လာရောက်လည်ပတ်သည့် အကြိမ်အရေအတွက်

| အကြိမ်အရေအတွက် | ၂၀၂၄ ခုနှစ် | ၂၀၂၃ ခုနှစ် | ၂၀၂၂ ခုနှစ် |
|---|---|---|---|
| ပထမအကြိမ် | ၄၁% | ၅၅% | ၃၁% |
| <u>မကြာခဏလာရောက်သည့်အကြိမ်အရေအတွက်</u> | | | |
| ၂-၃ ကြိမ် | ၂၅% | ၅၄% | ၁၃% |
| ၄-၅ ကြိမ် | ၉% | ၂၀% | ၁၁% |
| ၆-၇ ကြိမ် | ၅% | ၈% | ၄% |
| ၈-၁၀ ကြိမ် | ၄% | ၆% | ၈% |
| ၁၀ ကြိမ်နှင့်အထက် | ၁၆% | ၁၂% | ၃၄% |

**ဇယား (၁-၁၀) ပြည်ပခရီးသည်များ တည်းခိုနေထိုင်သည့် တည်းခိုရိပ်သာအမျိုးအစား**

| တည်းခိုရိပ်သာအမျိုးအစား | ၂၀၂၄ ခုနှစ် | ၂၀၂၃ ခုနှစ် | ၂၀၂၂ ခုနှစ် |
|---|---|---|---|
| ဟိုတယ်နှင့် အလားတူ တည်းခိုနေရာများ | ၈၄% | ၉၃% | ၈၂% |
| မိတ်ဆွေအမျိုးများအိမ် | ၇% | ၃% | ၆% |
| တည်းခိုခန်း | - | - | ၄% |
| အပန်းဖြေစခန်းများ | ၃% | ၃% | ၄% |
| CBT များ | ၀% | - | ၀% |
| အခြား | ၆% | - | ၆% |

**ဇယား (၁-၁၁) ပြည်ပခရီးသည်များ လာရောက်လည်ပတ်ရန် အကြံရရှိမှု**

| အကြံရရှိမှု | ၂၀၂၄ ခုနှစ် | ၂၀၂၃ ခုနှစ် | ၂၀၂၂ ခုနှစ် |
|---|---|---|---|
| စီးပွားရေးကိစ္စ | | ၃% | ၃၆% |
| သူငယ်ချင်းဆွေမျိုးများထံမှ | ၄၈% | ၂၈% | ၃၃% |
| ခရီးသွားအေဂျင်စီ များနှင့် လေကြောင်းလိုင်းများမှ | ၂၇% | ၅၀% | ၁၃% |
| စီးပွားရေးမီဒီယာများထံမှ | ၅% | ၅% | ၇% |
| လူမှုကွန်ယက်မီဒီယာများထံမှ | ၁၁% | ၁၀% | ၆% |
| အစိုးရဝက်ဘ်ဆိုက်များထံမှ | ၄% | ၂% | ၅% |
| ခရီးသွားပြပွဲများထံမှ | ၂% | ၂% | ၃% |
| အခြား | ၃% | å | å |

**ဇယား (၁-၁၂) ပြည်ပခရီးသည်များ လည်ပတ်သည့် ခရီးသွားအဖော်များ**

| ခရီးသွားအဖော် | ၂၀၂၄ ခုနှစ် | ၂၀၂၃ ခုနှစ် | ၂၀၂၂ ခုနှစ် |
|---|---|---|---|
| တစ်ကိုယ်တော် | ၄၄% | ၅၃% | ၆၂% |
| လုပ်ဖော်ကိုင်ဖက်များနှင့် | ၁၃% | ၆% | ၁၇% |
| သူငယ်ချင်းနှင့် | ၂၇% | ၂၄% | ၈% |
| အိမ်ထောင်ဘက်နှင့် | ၈% | ၉% | ၅% |
| မိသားစု(ကလေးမပါ) | ၅% | ၆% | ၄% |
| မိသားစု(ကလေးပါ) | ၃% | ၃% | ၄% |
| အခြား | ၁% | å | å |

**ဇယား (၁-၁၃) ပြည်ပခရီးသည်များ ခရီးသွားလာစဉ်အတွင်း ပျမ်းမျှနေထိုင်ရက်**

| ပျမ်းမျှနေထိုင်ရက် | ၂၀၂၄ ခုနှစ် | ၂၀၂၃ ခုနှစ် | ၂၀၂၂ ခုနှစ် |
|---|---|---|---|
| ပျမ်းမျှနေထိုင်ရက် (ခရီးသွားဧည့်သည်အားလုံး) | ၇ ရက် | ၉ ရက် | ၁၁ ရက် |
| ပျမ်းမျှနေထိုင်ရက် (လေကြောင်း) | ၁၂ ရက် | ၁၂ ရက် | ၁၇ ရက် |
| ပျမ်းမျှနေထိုင်ရက် (ကုန်းကြောင်း) | ၂ ရက် | ၄ ရက် | ၁ ရက် |
| ပျမ်းမျှနေထိုင်ရက် (ရေကြောင်း/အပျော်စီးသင်္ဘော) | ၂ ရက် | ၂ ရက် | ခံ |

**ဇယား (၁-၁၄) ပြည်ပခရီးသည်များ အများဆုံးသွားရောက်သည့် ခရီးစဉ်ဒေသများ**

| ခရီးစဉ်ဒေသများ | ၂၀၂၄ ခုနှစ် | ၂၀၂၃ ခုနှစ် | ၂၀၂၂ ခုနှစ် |
|---|---|---|---|
| ရန်ကုန် | ၄၀% | ၇၉% | ၂၃% |
| မန္တလေး | ၁၈% | ၃၄% | ၈% |
| ပုဂံ | ၁၂% | ၁၆% | ၈% |
| ပဲခူး | ၂% | ၂၂% | - |
| အင်းလေး | ၅% | ၁% | ၄% |
| ကျိုက်ထီးရိုး | ၃% | ၂၅% | ၁% |
| ငွေဆောင် | ၃% | - | ၁% |
| ချောင်းသာ | ၂% | ၁% | ၁% |
| နေပြည်တော် | ၄% | - | ၁၀% |
| တာချီလိတ် | - | ၁% | ၈% |
| ပြင်ဦးလွင် | ၂% | - | - |
| ကလော | ၃% | - | - |
| ကော့သောင်း | ၁% | ၂% | ၆% |
| တောင်ကြီး | ၁% | - | - |
| ကျိုင်းတုံ | ၁% | - | - |
| ထားဝယ် | ၁% | - | - |
| ဘားအံ | ၁% | - | - |
| အခြား | - | - | ၃၀% |

**ဇယား (၁-၁၅) မြန်မာနိုင်ငံအတွင်း သွားလာလည်ပတ်ရာ၌ ပြည်ပခရီးသည်များ အများဆုံး အသုံးပြုသည့် ယာဉ်အမျိုးအစားများ**

| သယ်ယူပို့ဆောင်ရေးယာဉ်အမျိုးအစားများ | ၂၀၂၄ ခုနှစ် | ၂၀၂၃ ခုနှစ် | ၂၀၂၂ ခုနှစ် |
|---|---|---|---|
| ကိုယ်ပိုင်ကားအသုံးပြုမှု | ၂၄% | ၂၆% | ၄၅% |
| အငှားယာဉ်အသုံးပြုမှု | ၂၉% | ၈% | ၄၈% |
| ပြည်တွင်းလေကြောင်းလိုင်းများအသုံးပြုမှု | ၁၇% | ၆၀% | ၃၀% |
| မော်တော်ဆိုင်ကယ် | ၃% | - | ၂% |
| အခြား | ၂% | - | ၆% |
| အများသုံးယာဉ်အသုံးပြုမှု | ၆% | ၅% | ၅% |
| စက်လှေအသုံးပြုမှု | ၁၁% | ၃% | ၃% |
| စက်ဘီးအသုံးပြုမှု | ၁% | - | ၁% |
| ရထားအသုံးပြုမှု | ၁% | ၁% | ၁% |
| ခရီးသွားအဝေးပြေးဇိမ်ခံကားအသုံးပြုမှု | ၆% | ၂၂% | - |

**ဇယား (၁-၁၆) ပြည်ပခရီးသည်များ ခရီးသွားလာစဉ်အတွင်း ပျမ်းမျှအသုံးစရိတ်များ**

| | ၂၀၂၄ ခုနှစ် | ၂၀၂၃ ခုနှစ် | ၂၀၂၂ ခုနှစ် |
|---|---|---|---|
| **ပျမ်းမျှအသုံးစရိတ်** | **USD 127** | **USD 104** | **USD 97** |
| အသုံးစရိတ်(အသေးစိတ်) | | | |
| လူတစ်ဦး၏ တစ်ရက်ပျမ်းမျှအသုံးစရိတ်(လေကြောင်း) | USD 112 | USD 109 | USD 137 |
| လူတစ်ဦး၏ တစ်ရက်ပျမ်းမျှအသုံးစရိတ်(ကုန်းကြောင်း) | USD 81 | USD 82 | USD 45 |
| လူတစ်ဦး၏ တစ်ရက်ပျမ်းမျှအသုံးစရိတ်(ရေကြောင်း) | USD 351 | USD 330 | - |

**ဇယား (၁-၁၇) မြန်မာနိုင်ငံ၌ နေထိုင်စဉ် စိတ်ကျေနပ်မှုအနေအထား**

| စိတ်ကျေနပ်မှုအနေအထား | ၂၀၂၄ ခုနှစ် | ၂၀၂၃ ခုနှစ် | ၂၀၂၂ ခုနှစ် |
|---|---|---|---|
| ခရီးစဉ်တစ်ခုလုံးအပေါ် စိတ်ကျေနပ်မှုအနေအထား | ၄ | ၄ | ၄ |
| ခရီးစဉ်တစ်ခုလုံးအပေါ် စိတ်ကျေနပ်မှုအနေအထား(လေကြောင်း) | ၄ | ၄ | ၄ |
| ခရီးစဉ်တစ်ခုလုံးအပေါ် စိတ်ကျေနပ်မှုအနေအထား(ကုန်းကြောင်း) | ၄ | ၄ | ၄ |
| ခရီးစဉ်တစ်ခုလုံးအပေါ် စိတ်ကျေနပ်မှုအနေအထား(ရေကြောင်း) | ၄ | ၄ | - |
| | | | |
| ခရီးစဉ်တစ်ခုလုံး၌ ငွေကြေးကုန်ကျခဲ့သည့်အပေါ် ပြန်လည်ရရှိခဲ့သည့် စိတ်ကျေနပ်မှုအနေအထား (လေကြောင်း) | ၄ | ၄ | ၄ |
| ခရီးစဉ်တစ်ခုလုံး၌ ငွေကြေးကုန်ကျခဲ့သည့်အပေါ် ပြန်လည်ရရှိခဲ့သည့် စိတ်ကျေနပ်မှုအနေအထား(ကုန်းကြောင်း) | ၄ | ၄ | ၄ |
| ခရီးစဉ်တစ်ခုလုံး၌ ငွေကြေးကုန်ကျခဲ့သည့်အပေါ် ပြန်လည်ရရှိခဲ့သည့် စိတ်ကျေနပ်မှုအနေအထား(ရေကြောင်း) | ၃ | ၄ | - |

**ဇယား (၁-၁၈) မြန်မာနိုင်ငံအတွက် အဆင့်သတ်မှတ်ချက်**

| အဆင့်သတ်မှတ်ချက် | ၂၀၂၄ ခုနှစ် | ၂၀၂၃ ခုနှစ် | ၂၀၂၂ ခုနှစ် |
|---|---|---|---|
| ခရီးသွားများ၏ လုံခြုံစိတ်ချရမှု | ၄ | ၃ | ၃ |
| မြန်မာလူမျိုးများ၏ ယဉ်ကျေးပျူငှာမှု | ၄ | ၄ | ၅ |
| ပုဂ္ဂလိကခရီးသွားဝန်ဆောင်မှုပြုသူများ | ၄ | ၄ | ၄ |
| ပြည်တွင်းသယ်ယူ ပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းများ | ၄ | ၄ | ၄ |
| အစားအသောက်များကို ကြိုက်နှစ်သက်မှု | ၄ | ၄ | ၄ |
| ဟိုတယ်များရှိဝန်ထမ်းများ၏ ဝန်ဆောင်မှုအရည်အသွေး | ၄ | ၄ | ၄ |
| နေရာထိုင်ခင်း | ၄ | ၄ | ၄ |
| လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများ | ၄ | ၄ | ၄ |
| ပတ်ဝန်းကျင်လုံခြုံစိတ်ချရမှု | ၄ | - | - |

**ဧယား (၁-၁၉) လာမည့် ၃ နှစ်အတွင်း မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်နိုင်မှု အခြေအနေ**

| မြန်မာနိုင်ငံသို့ အားလပ်ရက်ခရီးစဉ်အနေဖြင့် လာရောက်နိုင်မှု | ၂၀၂၄ ခုနှစ် | ၂၀၂၃ ခုနှစ် | ၂၀၂၂ ခုနှစ် |
|---|---|---|---|
| **စုစုပေါင်း** | | | |
| အသေအချာ လာရောက်နိုင်ချေရှိသည် | ၄၁% | ၈% | ၂၈% |
| လာရောက်နိုင်ချေရှိသည် | ၄၇% | ၅% | ၅၅% |
| မသေချာ | ၂% | ၂၁% | ၁၁% |
| လာရောက်နိုင်ချေမရှိ | ၈% | ၃၈% | ၄% |
| လုံးဝလာရောက်နိုင်ချေမရှိ | ၂% | ၂၈% | ၃% |
| | | | |
| **ခရီးသွားဧည့်သည်(လေကြောင်း)** | | | |
| အသေအချာ လာရောက်နိုင်ချေရှိသည် | ၃၆% | ၂၈% | ၃၂% |
| လာရောက်နိုင်ချေရှိသည် | ၄၇% | ၄၁% | ၄၃% |
| မသေချာ | ၃% | ၁၆% | ၁၄% |
| လာရောက်နိုင်ချေမရှိ | ၁၂% | ၅% | ၆% |
| လုံးဝလာရောက်နိုင်ချေမရှိ | ၂% | ၁၀% | ၄% |
| **ခရီးသွားဧည့်သည်(ရေကြောင်း)** | | | |
| အသေအချာ လာရောက်နိုင်ချေရှိသည် | ၂၄% | ၂၄% | ၂၀% |
| လာရောက်နိုင်ချေရှိသည် | ၆၈% | ၃၀% | ၇၅% |
| မသေချာ | ၁% | ၄၀% | ၅% |
| လာရောက်နိုင်ချေမရှိ | ၆% | ၅% | ၀% |
| လုံးဝလာရောက်နိုင်ချေမရှိ | ၁% | ၁% | ၀% |
| **ခရီးသွားဧည့်သည်(ကုန်းကြောင်း)** | | | |
| အသေအချာ လာရောက်နိုင်ချေရှိသည် | ၅၉% | ၃၄% | - |
| လာရောက်နိုင်ချေရှိသည် | ၃၅% | ၄၂% | - |
| မသေချာ | ၁% | ၁၀% | - |
| လာရောက်နိုင်ချေမရှိ | ၃% | ၁% | - |
| လုံးဝလာရောက်နိုင်ချေမရှိ | ၂% | ၁၃% | - |

**ဇယား (၁-၂၀) မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတကာခရီးသွားများ၏ အကြံပြုချက်များ**

| မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတကာခရီးသွားများ၏အကြံပြုချက်များ | ၂၀၂၄ ခုနှစ် | ၂၀၂၃ ခုနှစ် | ၂၀၂၂ ခုနှစ် |
|---|---|---|---|
| မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဝန်ဆောင်မှုမြှင့်တင်ရန် | - | ၁၈% | ၁၅% |
| ပြည်တွင်းလမ်းပန်းဆက်သွယ်ရေးဝန်ဆောင်မှုများကောင်းမွန်စေရန် | ၁၉% | - | ၁၄% |
| ကိုဗစ်-၁၉ ကန့်သတ်ချက်များလျှော့ချစေရန် | - | - | ၁၃% |
| အခြေခံအဆောက်အအုံများ ပိုမိုအဆင့်မြင့်လာစေရန် | ၇% | ၆၆% | ၂၉% |
| အုပ်ချုပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဖြေလျှော့ပေးရန် | - | - | ၈% |
| ဘာသာစကားကျွမ်းကျင်မှုရှိစေရန် | ၂% | ၂% | ၈% |
| ခရီးသွားဝန်ဆောင်မှု နှုန်းထားများကို လျှော့ချပေးရန် | - | - | ၅၁% |
| မြန်မာနိုင်ငံ၏ ပြည်တွင်းခရီးသွားလုပ်ငန်းမြှင့်တင်ရန် | - | - | ၃% |
| ခရီးသွားများ၏ လုံခြုံစိတ်ချရမှုရှိရန် | ၉% | ၁၅% | ၄၆% |
| အင်တာနက်လိုင်းများ ကောင်းမွန်စေရန် | ၄၇% | - | - |
| မြန်မာ့ယဉ်ကျေးမှုကို အင်တာနက်စာမျက်နှာများပေါ်တွင် လွှင့်တင်ကြော်ငြာရန် | ၇% | - | - |
| လျှပ်စစ်မီး ပိုမိုရရှိရန် | ၂% | - | - |
| သန့်ရှင်းသပ်ရပ်စေရန် | ၂% | - | - |
| မြန်မာနိုင်ငံတွင် ငွေးလဲလှယ်နှုန်းထားပုံသေသတ်မှတ်ရန် | ၂% | - | - |
| လေယာဉ်နှုန်းထားများလျှော့ချရန် | ၁% | - | - |
| တည်းခိုစရိတ်နှုန်းထားများလျှော့ချရန် | ၁% | - | - |
| အခြား | - | - | ၇% |

## ၃။ ၂၀၂၄ ခုနှစ် နိုင်ငံတကာ ပြည်ဝင်ခရီးသွား စစ်တမ်းမေးခွန်းလွှာ

၂၀၂၄ ခုနှစ် နိုင်ငံတကာ ပြည်ဝင်ခရီးသွား စစ်တမ်းမေးခွန်းလွှာအား မေးခွန်းအခု ၂၀ ဖြင့် အောက်ဖော်ပြပါအတိုင်း ရေးဆွဲထားပါသည်။

| | | |
|---|---|---|
| 1 | Please, name your country of residence | ________________________________ (country name) |
| 2 | Nationality | ________________________________ (country name) |
| 3 | Gender | ☐ Male ☐ Female |
| 4 | Age | ☐ 0-19 ☐ 20-29 ☐ 30-39 ☐ 40-49 ☐ 50-59 ☐ 60 and above |
| 5 | Mode of Transport to Myanmar | ☐ By Air ☐ By Sea ☐ By Land |
| 6 | Type of Visa | ☐ Visa Free ☐ Tourist ☐ Official ☐ Business ☐ Others (*Please Specify*) __________ |
| 6.1 | Border Pass | ☐ EP (Entry Permit) ☐ BP (Border Pass) ☐ TBP (Temporary Border Pass)<br>*(If you are with Visa or Visa Free, Skip 6.1)* |
| 7 | Purpose of Visit | ☐ Holiday, Leisure and Recreation ☐ MICE (Meetings, Incentives, Conferences and Exhibitions)<br>☐ Business ☐ Visiting Friends & Relatives<br>☐ Meditation/Pilgrimage ☐ Others (Please Specify) _______________________ |
| 7.1 | Type of Visitor | ☐ Overnight Visitor ☐ Same day Visitor |
| 8 | How did you make your travel arrangement? | ☐ Self ☐ Office /Employer ☐ Travel Agent ☐ Tour Operator<br>☐ If any other, please specify ________________________________ |
| 8.1 | Type of Tour | ☐ FIT (foreign independent travel) ☐ Package Tour |
| 9 | How many times have you visited Myanmar?<br>*(If you are first visit, Skip 9.1)* | ☐ 1st Time ☐ 2-3 ☐ 4-5 ☐ 6- 7 ☐ 8- 10 ☐ Above 10 times |
| 9.1 | If it's not your first visit, when was your last visit year in Myanmar | ________ (*indicate Year*) |
| | *Same Day Visitor (Day return Visitor) do not need to answer Q 10* | |
| 10. | Type of accommodation | ☐ Hotel /Motel ☐ CBT (Community Based Tourism) ☐ Residence of friends /relatives<br>☐ Resorts/ Luxury ☐ Others________________ |
| 11. | How did you get the idea to come to Myanmar? | ☐ Travel Agency/ Tour operator/ Airline ☐ Friends and Relatives ☐ Social Media<br>☐ Tourism Trade Show ☐ Commercial Media ☐ Official Websites ☐ Others_______ |
| 12. | Are you travelling? | ☐ Alone ☐ with Spouse ☐ with Work/ Association Colleagues ☐ with Friends<br>☐ with Family, no Children ☐ with Family and Children ☐ Others______________ |

| | | |
|---|---|---|
| 13. | Concerning this current trip, how many nights did you spend in Myanmar in total? **(Length of Stay)** (if the visitor is day return/ same-day visitor, please put “0”) | ………… night(s) |

| | | | | | |
|---|---|---|---|---|---|
| 14. | Travel Destinations that you visited during in Myanmar? | | | | |
| | ☐ Yangon | ☐ Mandalay | ☐ Nay Pyi Taw | ☐ Bagan | ☐ Pyin Oo Lwin |
| | ☐ Chaung Tha Beach | ☐ Ngwe Saung Beach | ☐ Ngapali Beach | ☐ Hpa-an | ☐ Mawlamyine |
| | ☐ Kyaikhteeyoe Pagoda | ☐ Inlay Lake | ☐ Kalaw | ☐ Taunggyi | ☐ Lashio |
| | ☐ Kyaing Tong | ☐ Bago | ☐ Dawei | ☐ Kaw Thaung | ☐ Myeik Islands |
| | ☐ Myawaddy | ☐ Tachileik | ☐ Mrauk Oo/KyaukPhyu | ☐ Others____________________ | |

| | | |
|---|---|---|
| 14.1 | Top 3 Tourist Attraction Sites you visited | 1.______________ 2.______________ 3.______________ |
| 15. | By which means of transport did you use for your visit during in Myanmar? | ☐ Airlines ☐ Public Bus ☐ Train ☐ Tour Coach ☐ Ferry Boat ☐ Taxi<br>☐ Private Car ☐ Motor bike ☐ Bicycle ☐ Others_______________ |

| | | | |
|---|---|---|---|
| 16. | Please select the activities (one & more) you have conducted during your stay in Myanmar. | | |
| | ☐ MICE (Meetings, Incentives, Conferences and Exhibitions) | ☐ Business activities | ☐ Sea activities (Snorkeling & Scuba Diving) |
| | ☐ Sightseeing/ Visiting cultural and Historical Heritage/ Museums | ☐ Going to the Beach/Swimming | ☐ Tasting local cuisine and drinks |
| | ☐ Visit Pagodas/ Pilgrimage | ☐ Hot Air Balloon Sightseeing | ☐ Bicycle trip/ Cycling |
| | ☐ Boating/ Rafting/ Canoeing | ☐ Hiking/ Mountaineering | ☐ Shopping (Souvenirs) |
| | ☐ Cultural events & festivals | ☐ Bird watching | ☐ Nightlife (Bars, Night Club) |
| | ☐ Resting on recreational resorts | ☐ Attending sport events | ☐ Entertainment |
| | ☐ Others_______________ | ☐ Others_______________ | ☐ Others_______________ |

| | | | | | |
|---|---|---|---|---|---|
| 17. | How much did you spend for this trip in Myanmar? *(This is an important part of the survey. Please fill in as much as you can)* | Prepaid outside Myanmar | Paid in Myanmar | % of Total Expenditure | Amount (*add Currency*) (Optional) |
| | International Air Transport (MNA or MAI Airlines) | ☐ | ☐ | | |
| | Other International Air Transport | ☐ | ☐ | | |
| | Accommodation | ☐ | ☐ | | |
| | Foods & Drinks | ☐ | ☐ | | |
| | Local Transport | ☐ | ☐ | | |
| | Recreation, Entertainment | ☐ | ☐ | | |
| | Buying Souvenirs | ☐ | ☐ | | |
| | Others (please specify) ___________ | ☐ | ☐ | | |
| | Total | | | 100% | |

| | | |
|---|---|---|
| 17.1 | Total expenditures for this trip in Myanmar | ____________ (Total Expenditure) (______ Currency) |
| 18. | How would you rank your stay in Myanmar? | |

| | | Very Poor | Poor | Average | Very Good | Excellent | Not applicable |
|---|---|---|---|---|---|---|---|
| | Airport/Terminal Facilities | 1 | 2 | 3 | 4 | 5 | 0 |
| | Accommodation Facilities | 1 | 2 | 3 | 4 | 5 | 0 |
| | Service Quality of staffs at Accommodation | 1 | 2 | 3 | 4 | 5 | 0 |
| | Local Transportation | 1 | 2 | 3 | 4 | 5 | 0 |
| | Private Tour Service Providers | 1 | 2 | 3 | 4 | 5 | 0 |
| | Food, Cuisine and Restaurants | 1 | 2 | 3 | 4 | 5 | 0 |
| | People's Friendliness & Courtesy | 1 | 2 | 3 | 4 | 5 | 0 |
| | Safety of Tourists | 1 | 2 | 3 | 4 | 5 | 0 |
| 18.1 | How would you rate your stay in Myanmar? | | | | | | |

| | **Criteria** | **Very unsatisfied** | **Un-satisfied** | **Neutral** | **Satisfied** | **Very Satis fied** |
|---|---|---|---|---|---|---|
| | Overall Satisfaction the whole trip | 1 | 2 | 3 | 4 | 5 |
| | Overall Value for money | 1 | 2 | 3 | 4 | 5 |

| | |
|---|---|
| 19 | How likely are you to come back again to Myanmar?<br>☐ Extremely likely ☐ Likely ☐ Somewhat likely ☐ Unlikely ☐ Extremely Unlikely |
| 20 | Please give any comments or suggestions in order to promote Tourism Services in Myanmar |
| | |

# INQUIRES

**Tourism Research Section**

Ministry of Hotels and Tourism
Office Building No 33, Ministry of Hotels and Tourism, Nay Pyi Taw
Republic of the Union of Myanmar.
Phone 95 67 406459

Email- mohtresearch2022@gmail.com